# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၉) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (6-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၂၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်


၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်က ချီးမြှင့်အပ်နှင်းသည့် Order of Alexander Nevsky ဘွဲ့တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံလုံခြုံရေးကောင်စီအတွင်းရေးမှူး Mr.Nikolai PATRU-SHEV က လက်ရောက်အပ်နှင်းစဉ်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်က ချီးမြှင့်အပ်နှင်းသည့် Order of Alexander Nevsky ဘွဲ့တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးက လက်ရောက်အပ်နှင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတိုးမြှင့်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော်　ဒီဇင်ဘာ　၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်က ချီးမြှင့်အပ်နှင်းသည့် **Order of Alexander Nevsky** ဘွဲ့တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံလုံခြုံရေးကောင်စီအတွင်းရေးမှူး **Mr. Nikolai PATRU-SHEV** က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးသံတမန်ဆောင်ညှိခန်းမ၌ လာရောက်တွေ့ဆုံအပ်နှင်းပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကဏ္ဍတိုးမြှင့်ရေးအတွက် ဆွေးနွေးသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ➡**




ရတနာပုံ
၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်
အယ်ဒီတာ့အာဘော်

# လူတိုင်းသက်ရှည်ကျန်းမာဖို့ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ လူတို့၏ နေ့စဉ်ဘဝတွင် ကျန်းမာစွာပြုမူနေထိုင်နိုင်မှ တစ်ဦးချင်းစီအလိုက် ရည်မှန်းထားသော ဘဝပန်းတိုင်များကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပေသည်။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ ဆားနှင့်သကြားကို လိုအပ်သည်ထက် ပိုမိုစားသုံးခြင်း၊ ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများကို ဂရုမပြုသတိမမူတတ်ခြင်း၊ ဆေးဝါးများကို တလွဲသုံးစွဲခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း စသည်တို့သည် လူသားတို့၏ နေ့စဉ်ဘဝများနှင့် မိသားစုရည်မှန်းချက်များကို ပျက်သုဉ်းစေမည်ဖြစ်ပေသည်။

ကျောင်းနေအရွယ်ကလေးများသည် ကျောင်းသင်ပညာရပ်များသာမက ပတ်ဝန်းကျင်နှင့်လိုက်လျောညီစွာ ပေါင်းသင်းဆက်ဆံတတ်ရေးအပါအဝင် မွန်မြတ်သောစိတ်နေစိတ်ထား၊ မှန်ကန်သောအယူအဆ အတွေးအခေါ်၊ အမူအကျင့်များ စွဲမြဲသွားစေရန် လေ့ကျင့်သင်ကြားမှုလိုအပ်ပေသည်။ ထို့ပြင် တစ်သက်တာလုံး ကျန်းမာပျော်ရွှင်စွာ နေထိုင်ကျင့်ကြံသွားနိုင်ရန်လည်း ငယ်စဉ်ဘဝကပင် အမူအကျင့်ကောင်းများကို လေ့ကျင့်တတ်မြောက်ကြရမည်ဖြစ်ပေသည်။

ဥပမာအားဖြင့် ကလေးဘဝကပင် လက်ကို စင်ကြယ်စွာဆေးကြောတတ်လျှင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်းမှ ကူးစက်တတ်သောရောဂါများကို လျှော့ချနိုင်ပေသည်။ ထို့ပြင် ဆယ်ကျော်သက်အရွယ် ကျောင်းသား၊ ကျောင်းသူများဘဝတွင် ပျိုရွယ်သူကျန်းမာရေးသင်ခန်းစာများကို ကျွမ်းကျင်စွာသင်ယူတတ်မြောက်ခဲ့ကြသူများသည် လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အားထည့်ဆောင်ရွက်ရမည့်အရွယ်တွင် နောက်ကျောလုံစွာ တက်ကုန်ရွက်ကုန် အလုပ်လုပ်နိုင်ကြမည်ဖြစ်ပေသည်။ လုပ်ငန်းခွင်ကျန်းမာရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ သွေးတိုး၊ နှလုံး၊ ဆီးချိုကဲ့သို့သော မကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးကုသရေး စသည်တို့သည် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ပြည်သူလူထုကို စဉ်ဆက်မပြတ်ဝန်ဆောင်မှုပေးနေသောလုပ်ငန်းများဖြစ်ပေသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည်လည်း ပဋိသန္ဓေစရှိသည့်အချိန်မှစ၍ ကျန်းမာနေရန်လိုပေသည်။ အပြုအမူ၊ အစားအသောက်၊ အနေအထိုင်မှသည် လိုအပ်သောကာကွယ်ဆေးများအကြိမ်ပြည့်ထိုးနှံခြင်း၊ ဗီတာမင်အာဟာရဖြည့်စွက်တိုက်ကျွေးခြင်းတို့ လိုအပ်ပေသည်။

ထို့ကြောင့် ကျေးလက်နှင့် မြို့ပြများပါမကျန် အနယ်နယ်အရပ်ရပ်မှ ကျန်းမာရေးဝန်ထမ်းများသည် ပဏာမကျန်းမာရေးစောင့်ရှောက်မှု **(Primary Health Care)** ကို အသက်အရွယ်မရွေး၊ နေရာအချိန်မရွေးစောင့်ရှောက်မှုပေးလျက်ရှိပေသည်။ မွေးကင်းစမှစ၍ သက်ကြီးရွယ်အိုများအထိ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာစေရန်၊ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးအသိရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရန် အသိပညာပေးလျက်ရှိပေသည်။

သို့ဖြစ်ရာ "လူတိုင်းသက်ရှည်ကျန်းမာဖို့၊ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့"ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူများ သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပေးနေသကဲ့သို့ ယခု ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် နေပြည်တော်၌ကျင်းပမည့် ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၁၃)မှ ပေါ်ထွက်လာမည့် ပြည်သူလူထုအတွင်း ထိရောက်စွာအသုံးချနိုင်မည့် ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာနည်းလမ်းများကို ကြိုဆိုပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မန္တလေး-ကျောက်မြောင်းကြားတွင် ရေဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသောခရီးသွားဦးရေ များပြားလာ



**မန္တလေး ဒီဇင်ဘာ ၅**

ပွင့်လင်းရာသီကာလဖြစ်၍ မန္တလေး-ကျောက်မြောင်းကြားတွင် ရေဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသောပြည်တွင်း၊ ပြည်ပခရီးသွားဦးရေများပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ပွင့်လင်းရာသီကာလရောက်ရှိလာပြီဖြစ်၍ မန္တလေး-ကျောက်မြောင်းကြားတွင် ရေဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ဒီဇင်ဘာလပထမပတ်မှစ၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်ကြည့်ရှုလေ့လာမှု များပြားလျက်ရှိကြောင်း၊ နိုဝင်ဘာလနောက်ဆုံးပတ်က မန္တလေးဆိပ်ကမ်းမှ မန္တလေး-ကျောက်မြောင်းကြား ရေဝတီလင်းပိုင်များဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို သွားရောက်ကြည့်ရှုသော ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်သာရှိခဲ့သော်လည်း ဒီဇင်ဘာလ ပထမပတ်မှစ၍ ရေဝတီလင်းပိုင်များဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို သွားရောက်ကြည့်ရှုသော ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခုက ခရီးသွားရာသီကာလလဲဖြစ်တာကြောင့် မန္တလေးဆိပ်ကမ်းကနေ မန္တလေး-ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ရေဝတီလင်းပိုင်တွေကို ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်ကြည့်ရှုမှု ပြန်များလာတယ်။ အဓိကကတော့ မန္တလေး-ကျောက်မြောင်းကြားမှာရှိတဲ့ လင်းပိုင်တွေနဲ့ ကျေးရွာတွေက ရေလုပ်သားတွေ အကျိုးတူပူးပေါင်းပြီး ကွန်ပစ်ငါးဖမ်းတဲ့ဓလေ့ကို ကြည့်ရှုလေ့လာကြတာ ပိုပြီးများလာပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ယခုလက်ရှိတွင် ရေဝတီလင်းပိုင်များသည် မတ္တရာမြို့နယ် အင်ဒေါင်းကျေးရွာအနီးတွင် အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံ ပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တောင်ပေါ်ဒေသမှ ထွက်ရှိသည့် ပန်းမုန်လာများ နေ့စဉ် ခြောက်ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ ယခုလက်ရှိ ပန်းမုန်လာဈေးနှုန်းများမှာ တစ်ပွင့်လျှင် အရွယ်အစားအလိုက် ငွေကျပ် ၇၀၀ မှ ၈၀၀ ထိရှိပြီး အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"ပန်းမုန်လာက တောင်ပေါ်ဒေသတွေကပဲ ထွက်ရှိတယ်။ တောင်ပေါ်ဒေသက ထွက်ရှိလာတဲ့ ပန်းမုန်လာတွေ မန္တလေးဈေးကွက်အတွင်းကို နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ကျန်ဒေသတွေကထွက်တဲ့ ပန်းမုန်လာကနည်းသွားပါပြီ။ စိုက်ပျိုးမှုတွေကလဲ နည်းလာပါတယ်။ အခြားသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

ယခုအခါ ပန်းမုန်လာများကို တောင်ပေါ်ဒေသများမှသာ ထွက်ရှိလာပြီး မြေပြန့်ဒေသများမှ ထွက်ရှိမှုမရှိသေးကြောင်း၊ လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြို့နယ်ငါးမြို့နယ်ရှိ ကာလတိုမွေးမြူရေးလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ်သိန်း ၂၅၀၀ ထုတ်ချေးပေးထား

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ငါးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကာလတိုမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ်သိန်း ၂၅၀၀ ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ခင်ဇော်က ပြောပြ၍ သိရသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကာလတိုမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြို့နယ်ငါးမြို့နယ်ရှိ မွေးမြူရေးလုပ်ကိုင်သူများကို အသားတိုးဝက်နှင့် အသားစားကြက်အကောင်ရေ ၁၅၁၀၀၀ အောင်မြင်စွာမွေးမြူနိုင်ရန် ချေးငွေများကို ယခုနှစ် ဇူလိုင်လမှစ၍ ထုတ်ချေးပေးခဲ့ရာ ယနေ့ထိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ်သိန်း ၂၅၀၀ ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

"မွေးမြူသူတွေကို သတ်မှတ်စည်းကမ်းချက်တွေအတိုင်း ထုတ်ချေးပေးခဲ့ပါတယ်။ အသားစားကြက်နဲ့ အသားတိုးဝက်ဆိုပြီး ကာလတို တစ်နှစ်အတွင်းမှာ ပြန်ဆပ်ဖို့ ထုတ်ချေးပေးထားပါတယ်။ မြို့နယ်ငါးမြို့နယ်က မွေးမြူသူ ၂၈ ယောက်ကို မွေးမြူတဲ့ တိရစ္ဆာန်တွေအတွက် ထုတ်ချေးပေးပြီးပါပြီ။ အတိုးနှုန်းကတော့ တစ်ရာခိုင်နှုန်းယူပါတယ်။ အခုလိုလုပ်ဆောင်ပေးတာကလဲ မန္တလေးတိုင်းဒေသကြီးအတွင်း အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အောင်မြင်ဖြစ်ထွန်းတဲ့ ဒေသတွေရွေးချယ်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ နည်းစနစ်မှန်ကန်စွာမွေးမြူတတ်စေဖို့ပါ။ အလုပ်အကိုင်အခွင့်အလမ်းတွေလဲ ဖန်တီးဖော်ဆောင်ပေးတာဖြစ်ပါတယ်"ဟု ဒေါက်တာခင်ဇော်က ပြောပြသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြို့နယ်များအလိုက် မွေးမြူသူဦးရေများမှာ မတ္တရာမြို့နယ်တွင် မွေးမြူသူ လေးဦး၊ အမရပူရမြို့နယ်တွင် မွေးမြူသူ ကိုးဦး၊ စဉ့်ကိုင်မြို့နယ်တွင် မွေးမြူသူ ရှစ်ဦး၊ တံတားဦးမြို့နယ်တွင် မွေးမြူသူ ငါးဦး၊ မိတ္ထီလာမြို့နယ်တွင် မွေးမြူသူ နှစ်ဦး စုစုပေါင်းမွေးမြူသူ ၂၈ ဦးတို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကံမမြို့နယ် ဝက်ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကံမ ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဝက်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဝက်ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ကံမမြို့နယ် ဝက်ကုန်းကျေးရွာ၌ အရှည်ပေ ၄၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်းငွေကျပ် ၁၆၃ သိန်း အသုံးပြု၍ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာ ၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။

**ကိုညီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၂၇ လမ်း-၂၈ လမ်းကြား၊ ၇၆ လမ်းနေ အထွေထွေရောဂါကုသမားတော် ဒေါက်တာဒေါ်ပိုပို မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်း၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၄၁၄၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၄၁၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၄၁၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၄၁၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ဟင်းသီးဟင်းရွက် ဧက ၄၄၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတာ လက်ရှိဧက ၄၁၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်ဧက ၄၁၀၀ ကျော်မှာ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်ဧကအားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာတွေပေးနေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သော သီးနှံများဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်ဧကများ တိုးချဲ့စိုက်ပျိုးလာရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်မြို့နယ် သံကပိုင်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၅**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ သံကပိုင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် ဝန်ထမ်းများက စီမံကိန်းကော်မတီဝင်များနှင့်အတူ သံကပိုင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့သည်။

သံကပိုင်ကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ရွှေတိုးအဖွဲ့ကို စီမံကိန်းရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်း၊ ငွေတိုးအဖွဲ့ကို စီမံကိန်းရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်း၊ သကြားပြောင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် ကြီးပွားအဖွဲ့ကို စီမံကိန်းရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်း၊ ရခိုင်ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် ချမ်းသာအဖွဲ့ကို စီမံကိန်းရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်း အဖွဲ့လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF)စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ သန်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သုတ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလက ဆန်ကြမ်း ၂၄ ပြည်ဝင် အိတ်ရေ ၈၈၀၀၀ တင်ပို့ရောင်းချခဲ့

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလက ဆန်ကြမ်း ၂၄ ပြည်ဝင်အိတ်ရေ ၈၈၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ဆန်ကြမ်း ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ဆန်ကြမ်း ၂၄ ပြည်ဝင် အိတ်ရေ ၈၈၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို လယ်ယာထွက်ကုန်တွေ တင်ပို့ရောင်းချလျက်ရှိပါတယ်။ နိုဝင်ဘာလအတွင်းမှာ ဆန်ကြမ်း ၂၄ ပြည်ဝင်အိတ်ရေ ၈၈၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ရဲ့ ပြည်တွင်းဆန်ဈေးကွက်က ရန်ကုန်ဈေးကွက်ဖြစ်ပါတယ်။ လက်ရှိ ရန်ကုန်ဆန်ဈေးကွက်က ဒီဘက်ဒေသထွက် ဆန်ကြမ်းတွေ အဝယ်လိုက်နေပါတယ်။ လက်ရှိဒေသမှာ မိုးစပါးအသစ်တွေ စတင်ပေါ်နေပါပြီ။ ဒါကြောင့် စပါးအသစ်တွေပါ ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဆန်ကြမ်းတွေအရောင်းအဝယ် ကောင်းလာတဲ့အတွက် တောင်သူတွေ၊ ကုန်သည်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ၊ ကုန်တင်ယာဉ် အငှားလိုက်သူတွေအလုပ်အကိုင်အခွင့်အလမ်းရရှိနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ဆန်ကြမ်းအမျိုးအစားများမှာ မနောသုခ၊ ထိုင်းဘေးကျား၊ ရက် ၉၀၊ သီးထပ်ရင်၊ နှံကား၊ ဧရာမင်း စသည်တို့အများဆုံးတင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ရာမာယနသဲရုပ်ကြွများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ကမ္ဘာ့စာပေတွင် ထင်ရှားသည့် ရာမာယနဇာတ်သည် လူကြိုက်အလွန်များသည့် ဂန္ထဝင်ဇာတ်လမ်းရှည်တစ်ပုဒ်ဖြစ်သည်။ အိန္ဒိယစာပေသမိုင်းတွင် ရာမာယနနှင့် မဟာဘာရတကို ဂန္ထဝင်အမြောက်ဆုံး စာနှစ်ပုဒ်ဟု အသိအမှတ်ပြုကြကာ ရာမာယနသည် ဟိန္ဒူဘာသာဝင်တို့၏ လူနေမှုဘဝကို ဩဇာလွှမ်းမိုးသည့် ဝတ္ထုတစ်ပုဒ်ဖြစ်ခဲ့သည်။ ထို့အတူ ရာမာယနသည် မြန်မာနိုင်ငံအပါအဝင် အာရှတိုက်နိုင်ငံတချို့တွင် ထင်ရှား၊ လူကြိုက်များခဲ့သည်။

ရာမာယနဇာတ်တွင်ပါဝင်သည့် ရာမ၊ လက္ခဏ၊ သီတာ၊ ဒသဂီရိနှင့် ဟန်နုမာန်စသော ဇာတ်ကောင်တို့သည် အိန္ဒိယနှင့် နီပေါလူမျိုးတို့၏ ယဉ်ကျေးမှုကို လွှမ်းမိုးခဲ့သကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံသို့လည်း ပျံ့နှံ့ရောက်ရှိခဲ့သည်။ ရာမာယနဇာတ်ကို ဘာသာစကားအသီးသီးသို့ ပြန်ဆို၍ ဇာတ်လမ်းဇာတ်ကွက်များ ကပြခဲ့ကြရာ အာရှပြည်သူများ နှစ်ခြိုက်စွဲလမ်းခဲ့ကြသည်။

ရာမာယနဇာတ်လမ်းသည် မြန်မာနိုင်ငံသို့ မည်သည့်အချိန်တွင်ရောက်ရှိခဲ့သည်ဟု တိကျစွာမသိသော်လည်း သဲကျောက်ပြားများပေါ်တွင် ထွင်းထုထားသည့် ရာမာယနဇာတ်ကွက်များကို မြန်မာနိုင်ငံ၌ တွေ့ရှိနိုင်သည်။ ရာမာယနဇာတ်မှဇာတ်ဝင်ခန်းတချို့ကိုထွင်းထုပုံဖော်ထားသည့် ကုန်းဘောင်ခေတ် ၁၉ ရာစု အလယ်ပိုင်းလက်ရာ သဲကျောက်ပန်းပုကွက်များရှိသည့် သခွတ်တနယ်ဘုရားကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် တည်ရှိသည်။

**သခွတ်တနယ်**

သခွတ်တနယ်ကျေးရွာသည် မုံရွာမြို့မှ အရှေ့မြောက်ဘက်သို့ ၃၆ မိုင်၊ ဘုတလင်မြို့မှ မြောက်ဘက်သို့ ၁၅ မိုင်ခန့်ကွာဝေးပြီး မုံရွာမြို့မှ မော်တော်ကားဖြင့် အလွယ်တကူသွားရောက်နိုင်သည်။ သခွတ်တနယ်ရွာသည် သံယာတော်များကိုင်ဆောင်သည့် ထန်းရွက်ယပ်တောင်ကြီးများကို ထုတ်လုပ်ဖြန့်ဖြူးသည့်ကျေးရွာတစ်ခုအဖြစ်ထင်ရှားခဲ့ကာ ၎င်းဒေသတစ်ဝိုက်တွင် အကြီးဆုံးရွာကြီးတစ်ရွာလည်းဖြစ်သည်။

ရာမာယနဇာတ်ကွက်ရုပ်ကြွများ တည်ရှိသည့် ဘုရားကြီးကျေးရွာသည် သခွတ်တနယ်ကျေးရွာမှ နှစ်မိုင်ကွာဝေးသည်။ ဘုရားကြီးကျေးရွာသည် ရွာသစ်ကျေးရွာအုပ်စုတွင်ပါဝင်သော်လည်း ဘုရားကြီးရွာရှိ စေတီတော်ကြီးကို သခွတ်တနယ်ဘုရားကြီးဟု အစဉ်အဆက် ခေါ်ဆိုခဲ့ကြသည်။

**ဆရာတော် ဦးညေယျ**

ဘုရားကြီးကျေးရွာတွင် မဟာလောကမာရဇိန်စေတီတော်နှင့် ရှေးဟောင်းအဆောက်အအုံများရှိသည်။ ၎င်းစေတီကို ခရစ်နှစ် ၁၈၄၆ ခုနှစ်တွင် ဒုတိယမောင်းထောင်သာသနာပိုင် ဆရာတော် ဦးညေယျက တည်ထားခဲ့ကာ ရွာတောင်ဘက်ရှိ နတ်ရဲတောင်တောင်စွယ်နှစ်ခုကို အစွဲပြု၍ နတ်ရဲတောင်ဘုရားကြီးဟုလည်း ခေါ်ကြသည်။

ကုန်းဘောင်ခေတ် သာယာဝတီမင်းလက်ထက် (ခရစ်နှစ် ၁၈၃၇-၁၈၄၆) ၁၈၃၇ ခုနှစ် မေ ၃၁ ရက်တွင် သာယာဝတီမင်းက သဲအင်းဆရာတော်ကို သာသနာပြုသာသနာစောင့်တာဝန် အပ်နှင်းခဲ့ပြီး ဦးညေယျကို "ညေယျဓမ္မလင်္ကာရ မဟာဓမ္မရာဇာဓိပတိ ရာဇဂုရု"တံဆိပ်တော်ဆက်ကပ်ခဲ့သည်။ ၁၈၃၉ ခုနှစ် နိုဝင်ဘာလတွင် သဲအင်းဆရာတော်ပျံလွန်တော်မူခဲ့ရာ သာယာဝတီမင်းက ဦးညေယျအား သာသနာပြုသာသနာစောင့်တာဝန် လွှဲအပ်ခဲ့သည်။

သာသနာပြုသာသနာစောင့်ဟူသည် ယခုခေတ်သုံးဝေါဟာရအရ သာသနာပိုင်ဆရာတော်ဖြစ်ပြီး ထိုစဉ်က သာသနာပိုင်ဟူသည့်အသုံးမရှိသေးကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။ ကုန်းဘောင်ခေတ် မြန်မာဘုရင်များလက်ထက်က သာသနာပိုင်ဆရာတော်များကို ရှင်ဘုရင်က တိုက်ရိုက်ရွေးချယ် ခန့်အပ်လေ့ရှိခဲ့သည်။

ဦးညေယျသည် သာသနာပြုသာသနာစောင့်ဆရာတော်အဖြစ်ခြောက်နှစ်တာဝန်ယူခဲ့သည်။ ၁၈၄၆ ခုနှစ်တွင် ပုဂံမင်း(ခရစ်နှစ် ၁၈၄၆-၁၈၅၃) နန်းတက်လာသောအခါ တားကရာဆရာတော် ဦးပညာဇောတကို သာသနာပြုသာသနာစောင့်တာဝန် အပ်နှင်းခဲ့သဖြင့် ဦးညေယျသည် ဦးပညာဇောတထံ သာသနာပြုသာသနာစောင့်တာဝန်များကို လွှဲပြောင်းပေးပြီးနောက် ဘုရားကြီးကျေးရွာသို့ ကြွရောက်သီတင်းသုံးခဲ့သည်။ ဆရာတော် ဦးညေယျသည် ဝေးလံချောင်ကျသည့် ဘုရားကြီးကျေးရွာတွင် သီတင်းသုံးစဉ် သာသနိကလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဦးညေယျသည် ဉာဏ်တော် ၁၀၈ တောင်ရှိသည့် စေတီတော်ကြီးတစ်ဆူနှင့် ပေ ၅၀ ပတ်လည်ရှိသော စတုရန်းပုံတန်ဆောင်းကြီးတစ်ဆောင်ကို ၁၈၄၆ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ နှစ်နှစ်ခွဲနီးပါးကြာမြင့်ခဲ့ပြီး ၁၈၄၉ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထိုနှစ် မေ ၁ ရက်တွင် စေတီတော်ကြီးကို ထီးတော်တင်ခဲ့ပြီး လောကကြီး၏ရန်သူများကို အောင်တော်မူသည့်မြတ်စွာဘုရားဟု အဓိပ္ပာယ်ရသည့် "မဟာလောကမာရဇိန"ဟု ဘွဲ့အမည်ပေးခဲ့သည်။ ဘုရားကြီး၏ အရှေ့မုခ်နှင့် အနောက်မုခ် စေတီတော်ခြေရင်းတွင် ကြီးမားသော အနက်ရောင်သပိတ်ကြီး နှစ်လုံးစီကို ထားရှိခဲ့သည်။ စေတီတော်၏ တောင်ဘက်မုခ်နှင့် မြောက်ဘက်မုခ် အောက်ခြေနေရာများတွင် ဟိန္ဒူနတ်ရုပ်များကိုတွေ့ရှိရသည်။

ဆရာတော် ဦးညေယျသည် ၁၈ လက်မပတ်လည်၊ တစ်လက်မအထူရှိသော သဲကျောက်ပြားများပေါ်တွင် ရာမာယနဇာတ်မှ ဇာတ်ကွက်များကို ထွင်းထုစေခဲ့ပြီး ကျောက်ပြား ၃၄၇ ချပ်ကို မဟာလောကမာရဇိန စေတီတော်ကြီးပတ်လည်တွင် ကပ်လှူခဲ့သည်။ စေတီတော်တွင်ကပ်လှူထားသည့် ကျောက်ပြားများအနက် ၃၅ ချပ် ပျောက်ဆုံးခဲ့ပြီးနောက် ၁၉၇၂ ခုနှစ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာန (ယခုရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)က ဘုရားကြီးဝင်းအတွင်း၌ အဆောက်အအုံတစ်ခုဆောက်လုပ်ကာ ကျန်ကျောက်ပြားများကို ရွှေ့ပြောင်းထိန်းသိမ်းထားခဲ့သည်။ အဆိုပါအဆောက်အအုံ၏ မျက်နှာစာတွင် "ကုန်းဘောင်ခေတ် ရာမဇာတ်တော်သဲကျောက်ထွင်းရုပ်ကြွပြတိုက်"ဟု ဆိုင်းဘုတ်တင်ထားပြီး "ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါ"ဟု စာတန်းတစ်ခုကိုလည်း ချိတ်ဆွဲထားသည်။

**သဲကျောက်ထွင်းရုပ်ကြွပြတိုက်**

ရာမဇာတ်တော် သဲကျောက်ထွင်းရုပ်ကြွပြတိုက်တွင် ကျောက်ထွင်းရုပ်ကြွများကို တစ်တန်းလျှင် ၂၈ ချပ်စီရှိသော အတန်း ၁၀ တန်း၊ တစ်တန်းလျှင် ၁၆ ချပ်စီရှိသော အတန်း နှစ်တန်း စုစုပေါင်း အတန်း ၁၂ တန်းတွင် ရုပ်ကြွ ၃၁၂ ချပ်ပြသထားသည်။ သဲကျောက်ပြားတစ်ခုစီပေါ်တွင် ရာမာယနဇာတ်မှ ဇာတ်ကွက်များကို ဖောင်းကြွထုလုပ်ထားပြီး အရုပ်များသည် လက်မဝက်ခန့်ကြွတက်နေသည်။

ကျောက်ထွင်းရုပ်ကြွများကို လူတစ်ရပ်ခန့်မြင့်သော အင်္ဂတေနံရံများ၏ တစ်ဖက်စီတွင်ကပ်၍ ထိုအင်္ဂတေနံရံများကို ပြတိုက်အတွင်း၌အတန်းလိုက်စိုက်ထူထားသည်။

ကျောက်ရုပ်ကြွပုံများ၏ ပုံဟန်များသည် ၁၉ ရာစုအလယ် လက်ရာများဖြစ်ပြီး ရုပ်ကြွအများစုသည် မူလအနေအထားအတိုင်း ကောင်းမွန်စွာရှိနေကြသည်။ ကျောက်ချပ်တချို့သည် ဖောင်းကြွရုပ်များပဲ့ကြွေနေပြီး



မဟာလောကမာရဇိနစေတီတော် သဲကျောက်ထွင်းရုပ်ကြွများရှေးဟောင်းတန်ဆောင်း။

အချို့မှာ ပပ်ကြားများအက်နေသည်။ အချို့ကျောက်ရုပ်ကြွများ၏အပေါ်၌ အမှတ်စဉ်များရေးထိုးထားပြီး တချို့ကျောက်ပြားများတွင် ဇာတ်ကွက်အမည်များကို ရေးထိုးထားသည်။ သီတာမိဖုရား၊ ဟန်နုမာန်၊ မော်ရုံဝင်၊ လက်စွပ်ဆက် စသည်ဖြင့် ရေးထားသော စာလုံးဝိုင်းများကို ရှင်းလင်းပီသစွာမြင်ကြရပေသည်။

ကျောက်ရုပ်ကြွတွင်ထုထားသော ရာမမင်းနှင့်ပတ်သက်၍ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက "ရာမမင်းဟာ ပလ္လင်ပေါ်မှာ မင်းမြောက်တန်ဆာအပြည့်နဲ့ ဒူးတစ်ဖက်ထောင်တစ်ဖက်ချ ထိုင်နေတယ်။ ဘယ်လက်ထဲမှာ(စာမရီ)သားမြီးယပ်ကို ကိုင်ထားတယ်။ ဘယ်ဘက်မှာပဲ ဟင်္သာကွမ်းအုပ်ချထားတယ်၊ ညာဘက်မှာတော့ ထီးသုံးလက်ထောင်ထားပါတယ်။ ထီးတွေဟာ ပိတ်ထားတယ်၊ စည်းထားတယ်။ ထီးဖြူဖွင့်ပြီး ဘယ်ညာထောင်ရင် ထီးနန်းစိုးစံဆဲ ဘုရင်ရဲ့အထိမ်းအမှတ်ဖြစ်တယ်။ ခုတော့ ထီးကို ပိတ်ထားတာမို့ ရာမဟာ အဲဒီအချိန်က ထီးနန်းစိုးစံနေတဲ့မင်းမဟုတ်သေးဘူးလို့ ယူဆပါမယ်"ဟု သုံးသပ်ရေးသားခဲ့သည်။

ရာမဇာတ်သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကရှိနေခဲ့သည့် ဇာတ်လမ်းဖြစ်သော်လည်း ပန်းပုဆရာများက ဇာတ်ကောင်များ၏ ဆင်ယင်ထုံးဖွဲ့မှုကို ၁၉ ရာစု အလယ်၊ ကုန်းဘောင်ခေတ် နန်းတွင်းအဝတ်အစားများဖြင့် ထုလုပ်ထားသဖြင့် ထိုခေတ်ယဉ်ကျေးမှုလက္ခဏာများကို လေ့လာနိုင်ကြသည်။

ဘုရားကြီးကျေးရွာ ဘုရားကြီးတိုက် ဦးစီးနာယက ဆရာတော် ဘဒ္ဒန္တဥက္ကံသက ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အနုပညာလက်ရာများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ထားမှသာ နောင်လာနောက်သားများသည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအနုပညာအဆင့်အတန်း မြင့်မြင့်မားမားတည်ရှိခဲ့မှုကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း မြွက်ကြားခဲ့သည်။

**ရှေးဟောင်းတန်ဆောင်းအိုး**

ဘုရားကြီး၏အရှေ့တောင်ထောင့်တွင် ဆရာတော် ဦးညေယျ တည်ထားခဲ့သည့် ရှေးဟောင်းတန်ဆောင်းကြီးကို ယနေ့တိုင်မြင်တွေ့နိုင်သည်။ မူလက ပေ ၅၀ ပတ်လည်ရှိခဲ့သည်ဟုဆိုသော်လည်း ရန်ကုန်တက္ကသိုလ်မှ ရှေးဟောင်းသုတေသနကျောင်းသားများ ကွင်းဆင်းခဲ့စဉ်က တိုင်းထွာကြည့်ရာ အလျား ၄၂ ပေ ကိုးလက်မ၊ အနံပေ ၄၀ ကိုးလက်မခန့်ရှိကြောင်း တွေ့ရှိခဲ့ရသည်။ အမိုးများမရှိတော့သည့် ၎င်းအဆောက်အအုံဟောင်းကြီးသည် မျက်နှာစာအုတ်နံရံများ ကွဲအက်နေကာ အနောက်ဘက်သို့ အနည်းငယ်ယိုင်နေသည်။ ခမ်းနားစွာတည်ဆောက်ထားသည့် တန်ဆောင်းကြီး၏ ဝင်ပေါက်အမိုးခုံးများ၊ အမိုးတန်းအောက် နဖူးစည်းအနုလက်ရာများ၊ ကနုတ်ပန်းများ၊ နဖူးစည်းတွင် ထုလုပ်ထားသောပန်းပုရုပ်များကို တွေ့မြင်ကြရသည်။ ကျောင်းတိုက်ကြီးအတွင်း ခေါင်းရင်းပိုင်း(တောင်ဘက်)တွင် ပလ္လင်ခုံတစ်ခုကိုတွေ့ရှိကြရပြီး ရုပ်ပွားတော်များကိုမူ မတွေ့ရပါချေ။

ကျောင်းတိုက်အိုကြီး၏ အတွင်းနံရံများပေါ်တွင် ရောင်စုံဆေးရေးပန်းချီများကို တွေ့ရသော်လည်း ပန်းချီရုပ်များရေးဆွဲထားသည့် အင်္ဂတေတချို့မှာ ကွာကျနေပြီး ဆေးရေးပန်းချီများသည် ပျက်စီးနေပြီဖြစ်သည်။ တန်ဆောင်းကြီး၏ အနောက်ဘက်နံရံပေါ်ရှိ ဆေးရေးပန်းချီပုံတွင် ပလ္လင်ပေါ်မှ မင်းသမီးကို မင်းသားဖြစ်ဟန်တူသူနှင့် နောက်ပါတစ်ယောက်က ပလ္လင်ပေါ်မှဆင်းရန် လက်ကမ်းနေသည့်ပုံကို ထင်ထင်ရှားရှားတွေ့မြင်ရသည်။ အရှေ့ဘက်နံရံ ဆေးရေးပန်းချီအောက်တွင် အနက်ရောင် စာလုံးဝိုင်းများဖြင့်ရေးသားထားသည့် မင်စာတွင် "ဟိမဝန္တာသို့ လာသည့်တွင်"ဟူသည့်စာသားမှလွဲ၍ ကျန်စာသားများသည် ထင်ရှားခြင်းမရှိသဖြင့် တိကျစွာ မဖတ်နိုင်ခဲ့ပါချေ။

ဘုရားကြီး၏အရှေ့မြောက်ထောင့်တွင် မြင်တွေ့ရသည့် အဆောက်အအုံဟောင်းသည် မူလကမြေစိုက်အဆောက်အအုံဇရပ်တစ်ခုဟု ယူဆရပြီး ယခုအခါတွင် အုတ်တံတိုင်းအသစ်ကာရံထားသည်။ နှစ်ထပ်အမိုးသည် မူလလက်ရာများဖြစ်နိုင်ပြီး ဝင်ပေါက်အဆုံးတွင် ဘုရားဆောင်နေရာဟောင်းကို တွေ့ရှိရသည်။ အဆောက်အအုံအတွင်း၌ တိုင်ပေါင်း ၂၈ တိုင်ရှိပြီး တိုင်တစ်တိုင်စီသည် ပျမ်းမျှ လုံးပတ် ၆၃ လက်မရှိသည်။ တိုင်များပေါ်တွင် အခြေမှ ၄၃ လက်မနေရာ၌ ၁၃ လက်မအမြင့်ရှိသော သဲပန်းပုချပ်များကို တိုင်လုံးများပတ်လည်တွင်ကပ်ထားသည်။ အများစုသည်ရာမာယနဇာတ်မှ ဇာတ်ကွက်များဟုယူဆရသည်။ အချို့သောပန်းပုရုပ်များသည် ခေါင်းကျိုးခြေပြတ် ပျက်စီးနေကြသော်လည်း အများစုမှာမူ မူလအနေအထားအတိုင်း ထိန်းသိမ်းထားနိုင်ကြောင်း တွေ့ရပေသည်။

ဇရပ်ဆောင်ဟုယူဆရသော ၎င်းခန်းမ၏ မြောက်ဘက်တွင် သံယာစင်ဖြစ်နိုင်သည့်နေရာတစ်ခုရှိသည်။ တစ်ချိန်သောကာလက တရားသဘင်များ၊ အလှူပွဲများကျင်းပသော အဆောက်အအုံတစ်ခုဟု ဖြစ်ဖွယ်ရှိ၍ ယခုအခါတွင် အောက်ကြမ်းခင်းများကို ပြန်လည်ခင်းကာ အဆောက်အအုံကြံ့ခိုင်မှုအတွက် ကောင်းမွန်စွာထိန်းသိမ်းထားသည်။

ယဉ်ကျေးမှုအဆင့်မြင့်သောနိုင်ငံများတွင် ဒြပ်ရှိဒြပ်မဲ့ပစ္စည်းများ ကြွင်းကျန်မြဲဖြစ်ရာ မြန်မာနိုင်ငံနေရာအနှံ့တွင်ရှိနေသည့် ရှေးဟောင်းအဆောက်အအုံများနှင့်ရှေးဟောင်းပစ္စည်းများသည် မြန်မာတို့၏ယဉ်ကျေးမှုသမိုင်းကြောင်းကို ပြသလျက်ရှိနေသည်။ ၎င်းတို့အနက် သခွတ်တနယ်ဘုရားကြီးအတွင်းရှိ ရှေးဟောင်းရာမလက္ခဏာရုပ်ကြွများလည်း အပါအဝင်ဖြစ်ကာ ၎င်းတို့သည် ပျက်စီးမှုများအနည်းငယ်ရှိနေသည့်တိုင် ကုန်းဘောင်ခေတ် ပန်းပုလက်ရာများအဖြစ် ကျန်ရှိနေပေသည်။

**ကိုးကား**

- **သခွတ်တနယ်ရာမ (ဒေါက်တာသန်းထွန်း)**
- **ကိုယ်တိုင်ကွင်းဆင်းမှတ်တမ်းများ**

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# တန့်ယန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်း ၁၅၁၅၉ ဧက ရိတ်သိမ်းပြီးစီး

**တန့်ယန်း ဒီဇင်ဘာ ၅**



ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်း ၁၅၁၅၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြ၍ သိရသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်း ၁၆၄၈၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၁၅၁၅၉ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းများကို အောက်တိုဘာလတတိယပတ်မှ စတင်ရိတ်သိမ်းလျက်ရှိရာ ယနေ့တွင် စိုက်ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တန့်ယန်းမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်း ၁၆၄၈၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၁၅၁၅၉ ဧကသာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ အစေ့ထုတ်ပြောင်းရိတ်သိမ်းနေတဲ့ တောင်သူတွေအတွက် ရိတ်သိမ်းခြွေလှေ့စက်တွေအချိန်မီ ရရှိစေဖို့အတွက် သက်ဆိုင်ရာ မြို့နယ်က စက်မှုလယ်ယာဦးစီးဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်။ တစ်ဧကအထွက်နှုန်းကောင်းမွန်ပြီး သတ်မှတ်ကာလမှာ အချိန်မီ ရိတ်သိမ်းပြီးစေဖို့အတွက် ကြပ်မတ်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

တန့်ယန်းမြို့နယ်တွင် ရိတ်သိမ်းပြီးစီးခဲ့သော အစေ့ထုတ်ပြောင်း တစ်ဧကအထွက်နှုန်းမှာ ၇၇ ဒသမ ၁၉ တင်းဖြစ်ပြီး တစ်မြို့နယ်လုံးအနေဖြင့် စုစုပေါင်း အစေ့ထုတ်ပြောင်း ၁၁၇၀၁၆၄ တင်းထွက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်က တန့်ယန်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၄၇၅၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အစေ့ထုတ်ပြောင်း ၁၁၃၇၆၄၉ တင်းထွက်ရှိကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းထံမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# မအူပင်မြို့နယ် ကျုံတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး



**မအူပင် ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် သိုက်ကုန်းကျေးရွာအုပ်စု ကျုံတောကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမနားကီးနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ကျုံတောကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့် စီမံကိန်းလုပ်ငန်းကို အောင်မြင်အောင်ကြိုးစားခဲ့ပြီးဖြစ်ရာ အဆိုပါလမ်းရေရှည်ကောင်းမွန်စွာအသုံးပြုနိုင်ရေး စည်းကမ်းတကျအသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

ကျုံတောကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၁၁၃၀၊ အကျယ်ခြောက်ပေ၊ အမြင့်ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၈၀ အသုံးပြု၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမနားကီးထံမှ သိရသည်။

**ကိုလှိုင်**

## သွေးချင်းတို့မမေ့ အမျိုးသားအောင်ပွဲနေ့

\- တို့မြန်မာ သမိုင်းခေတ်
ပြန်တွေးလှစ် ကြည့်ပြန်ရာ၊
ကိုလိုနီ နယ်ချဲ့ယုတ်တို့
သွေးစုပ်ခဲ့တာ၊
နှစ်ကာလ အတော်ကြာ
တစ်ရာကျော် အမှောင်လမ်း၊
မြန်မာတွေ သွေးကွဲဖို့
သူတို့ကြိုးပမ်း။

\- ကျွန်ပညာ တစ်ခေတ်ဆန်း
သင်ရိုးညွှန်းတမ်း ချခဲ့ပေ၊
အင်္ဂလိပ်စာ အထူးပြု
တွေးရှုသင်စေ၊
မြန်မာစကား ဖိနှိပ်နေ
ကျွန်သက်ရှည် မျှော်ကာတွေး၊
ကောက်ကျစ်ဉာဏ် ဗျူဟာသုံး
မျိုးသုဉ်းစေရေး။

\- ကျွန်ပညာ ပပျောက်ရေး
ဆောင်ရွက်ပေးဖို့ ကျောင်းသားတွေ၊
ဆန္ဒကို ကိုယ်စီပြ
တော်လှန်ကြနေ၊
ဇွဲစိတ်ဓာတ် တစ်သားတည်းပေ
ညီညွတ်နေ ကျောင်းသားများ၊
ကျွန်ပညာ အမှောင်မိုက်ကိုဖြင့်
တိုက်ထုတ်ဖယ်ရှား။

\- ကိုယ့်စာပေ ကိုယ့်စကား
သင်ကြားရ မြန်မာပြည်၊
ကျောင်းသားတွေ စည်းလုံးအားက
ထင်ရှားခဲ့သည်၊
မော်ကွန်းထိုး မှတ်ကျောက်တည်
မြန်မာပြည် အောင်ပွဲ၊
တန်ဆောင်မုန်း လပြည့်ကျော်
ဆယ်ရက်နေ့ အမျိုးသားနေ့ကိုဖြင့်
မမေ့ဆင်နွှဲ။ ။

**ချစ်သက်(မြန်မာစာ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ယူအေအီးနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့သို့ ရုရှားသမ္မတပူတင် သွားရောက်မည်



**မော်စကို ဒီဇင်ဘာ ၅**

ရုရှားသမ္မတပူတင်သည် ယခုရက်သတ္တပတ်အတွင်း အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း ရုရှားပြည်တွင်းမီဒီယာများကယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

နေ့စဉ်ရေနံထုတ်လုပ်မှုပမာဏကို လျှော့ချပေးမည်ဖြစ်ကြောင်း ရေနံတင်ပို့သူ နိုင်ငံများအသင်း (အိုပက်)နှင့် မိတ်ဖက်နိုင်ငံများက ကြေညာခဲ့ပြီးနောက် ရုရှားသမ္မတပူတင်၏ ပင်လယ်ကွေ့အာရပ်နိုင်ငံများခရီးစဉ်သတင်း ပေါ်ထွက်လာခြင်းဖြစ်သည်။

ရုရှား၊ ဆော်ဒီအာရေဗျနှင့် ယူအေအီးတို့သည် အိုပက်နှင့် မိတ်ဖက်နိုင်ငံများအဖွဲ့တွင် ပါဝင်သည့်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည်။

ရုရှားသမ္မတပူတင် အနေဖြင့် အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း ယူအေအီးနိုင်ငံသို့ ဦးစွာသွားရောက်၍ ဆော်ဒီအာရေဗျနိုင်ငံသို့ ဆက်လက်ဝင်ရောက်မည်ဖြစ်ကြောင်း ရုရှားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားသမ္မတပူတင် အနေဖြင့် ဒီဇင်ဘာ ၆ ရက်တွင် ယူအေအီးနှင့်ဆော်ဒီအာရေဗျသို့သွားရောက်မည်ဖြစ်ပြီး ဒီဇင်ဘာ ၇ ရက်တွင် မော်စကိုမြို့၌ အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီနှင့်တွေ့ဆုံရန် စီစဉ်ထားသည်။

အီရန်သမ္မတနှင့် တွေ့ဆုံစဉ် အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြား ဖြစ်ပွားနေသည့် ဂါဇာစစ်ပွဲပြဿနာ အပါအဝင် ဒေသတွင်းပြဿနာများကိုဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပျက်ကျခဲ့သည့် အော့စပရေးလေယာဉ်ကို အမေရိကန်နှင့် ဂျပန်ရေငုပ်သမားများ ရှာဖွေတွေ့ရှိ

**တိုကျို ဒီဇင်ဘာ ၅**

ပြီးခဲ့သည့် ရက်သတ္တပတ်က ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ပျက်ကျခဲ့သော အမေရိကန်လေတပ် အော့စပရေးလေယာဉ်အပျက်အစီးနှင့် လိုက်ပါသွားသူ ငါးဦးတို့၏ ရုပ်အလောင်းများကို အမေရိကန်နှင့် ဂျပန်ရေငုပ်သမားများက ရှာဖွေတွေ့ရှိခဲ့ကြောင်း အမေရိကန်လေတပ်က ဒီဇင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦး လိုက်ပါသွားသည့် အဆိုပါ အော့စပရေး လေယာဉ်သည် လေ့ကျင့်ရေးမစ်ရှင်တစ်ခု ပြုလုပ်နေစဉ် နိုဝင်ဘာ ၂၉ ရက်တွင် ယာကူရှီးမား ကမ်းလွန်ရေပြင်အတွင်း ပျက်ကျခဲ့ရသည်။

အဆိုပါလေယာဉ် ပျက်ကျပြီးနောက် ရှာဖွေကယ်ဆယ်ရေးသမားများက လိုက်ပါသွားသူတစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး ဒီဇင်ဘာ ၄ ရက်တွင် ငါးဦး၏ရုပ်အလောင်းများအား ထပ်မံတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံးနေဆဲ ဖြစ်သည့် တပ်ဖွဲ့ဝင်နှစ်ဦးကို ဆက်လက်ရှာဖွေမည်ဖြစ်ကြောင်း အမေရိကန်လေတပ်က သတင်းထုတ်ပြန်ထားသည်။

ပျက်ကျခဲ့သည့် အော့စပရေးလေယာဉ်ကို ပင်လယ်ရေအောက်ပေ ၁၀၀ အနက်တွင် အမေရိကန်နှင့် ဂျပန်ရေငုပ်သမားများက ရှာဖွေတွေ့ရှိ ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအော့စပရေးလေယာဉ် ပျက်ကျခဲ့ပြီးနောက် ဂျပန်လေတပ်သည် ၎င်းပိုင်အော့စပရေးလေယာဉ် ၁၄ စင်းကို ပျံသန်းမှုရပ်နားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နယူးဇီလန်လူမျိုးစုလွှတ်တော်အမတ်များ လွှတ်တော်သစ်ဖွင့်ပွဲ၌ ဘိုးဘေးများအပေါ်သစ္စာခံကြောင်းကျမ်းကျိန်၍ ဗြိတိန်ဘုရင်ချားလ်-၃ ကို ဆန္ဒပြ

**ဝယ်လင်တန် ဒီဇင်ဘာ ၅**

နယူးဇီလန်၌ဌာနေတိုင်းရင်းသား နိုင်ငံရေး ခေါင်းဆောင်များသည် ယနေ့တွင် ကျင်းပခဲ့သည့်လွှတ်တော်သစ်ဖွင့်ပွဲ၌ ဘိုးဘေးများအပေါ် သစ္စာခံကြောင်း ကျမ်းကျိန်ကတိပြုခြင်းဖြင့် ဗြိတိန်ဘုရင်ချားလ်-၃ကို ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

နယူးဇီလန်မာအိုရီလူမျိုးစုဝင် နိုင်ငံရေး ခေါင်းဆောင်များသည် လွှတ်တော်သစ်ဖွင့်ပွဲ၌ လုပ်ထုံးလုပ်နည်းများကိုချိုးဖောက်၍ ချားလ်ဘုရင်-၃ အပေါ်သစ္စာခံကြောင်း ကျမ်းမကျိန်မီ ၎င်းတို့၏ဘိုးဘေးများအပေါ် သစ္စာခံကြောင်း ကျမ်းကျိန်ခဲ့ကြခြင်းဖြစ်သည်။

အောက်တိုဘာ ၁၄ ရက် ရွေးကောက်ပွဲအပြီးပေါ်ထွက်လာသည့် နယူးဇီလန် လွှတ်တော်သစ်ဖွင့်ပွဲတွင် နယူးဇီလန်လွှတ်တော်အမတ်များအနေဖြင့် နိုင်ငံတော်အကြီးအကဲဖြစ်သည့် ချားလ်ဘုရင်-၃ကို အစဉ်အလာအရ သစ္စာခံကြရမည်ဖြစ်သည်။

သို့သော် မာအိုရီလွှတ်တော်အမတ်ခြောက်ဦးတို့ကမူ ချားလ်ဘုရင်အပေါ် သစ္စာခံကြောင်း ကျမ်းမကျိန်မီ ၎င်းတို့၏ဘိုးဘေးများနှင့်နယူးဇီလန်နိုင်ငံတည်ထောင်မှုဆိုင်ရာ ဝေတန်ဂီစာချုပ်တို့အပေါ် သစ္စာထားမည်ဖြစ်ကြောင်း ကတိပြုခဲ့ခြင်းဖြစ်သည်။

၁၈၄၀ ပြည့်နှစ်တွင်ရယူခဲ့သော ဝေတန်ဂီစာချုပ်တွင် နယူးဇီလန်ကိုအုပ်ချုပ်ရေးအတွက် ဗြိတိသျှနှင့် မာအိုရီလူမျိုးစုတို့ကြားသဘောတူထားသည့်အခြေခံမူများ ထည့်သွင်းထားသည်။

ချားလ်ဘုရင်-၃ အပေါ် သစ္စာခံကြောင်း ကျမ်းကျိန်ရမှုသည် လွှတ်တော်၌ ဌာနေတိုင်းရင်းသားများကိုစွဲထက် ရွှေ့တန်းပိုရောက်နေသော ကိုလိုနီခေတ်သင်္ကေတအဖြစ် မာအိုရီလူမျိုးစုဝင်နိုင်ငံရေးသမားများက သတ်မှတ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပင်လယ်နီ၌ သွားလာနေသည့်သင်္ဘောများအတွက် ရေကြောင်းအာမခံကြေးများ မြင့်တက်လာ

**လန်ဒန် ဒီဇင်ဘာ ၅**

ပင်လယ်နီရေပြင်အတွင်း ဒီဇင်ဘာ ၃ ရက်က ကုန်တင်သင်္ဘောသုံးစီး တိုက်ခိုက်ခံခဲ့ရပြီးနောက် ပင်လယ်နီဒေသ၌ သွားလာနေကြသည့်သင်္ဘောများအတွက် စစ်ဘေးစစ်ဒဏ်ဆိုင်ရာ ရေကြောင်းအာမခံကြေးများမြင့်တက်လာခဲ့ရကြောင်း ဒီဇင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြား အောက်တိုဘာ ၇ ရက်တွင် စစ်ပွဲစတင်ဖြစ်ပွားခဲ့ပြီးနောက် ပင်လယ်နီဒေသ၌ ကုန်တင်သင်္ဘောတိုက်ခိုက်ခံရမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ ဒီဇင်ဘာ ၃ ရက်ဖြစ်စဉ်များလည်း ပါဝင်ခဲ့သည်။

လက်ရှိအချိန်တွင် အဆိုပါ တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် ပင်လယ်နီဒေသ၌ သွားလာနေကြသောသင်္ဘောများအတွက် စစ်ဘေးစစ်ဒဏ်ဆိုင်ရာရေကြောင်း အာမခံကြေးများလည်း မြင့်တက်လာကြောင်း နိုင်ငံတကာရေကြောင်းကုန်သွယ်ရေးလောကနှင့်ရေကြောင်းအာမခံလုပ်ငန်း လောကတို့မှ တာဝန်ရှိသူများက ပြောကြားထားသည်။

လန်ဒန်မြို့အခြေစိုက်ရေကြောင်းအာမခံဈေးကွက်သည် ပင်လယ်နီရေပြင်တောင်ပိုင်းကို သင်္ဘောများအတွက် ဘေးအန္တရာယ်ကြီးမားသည့်နေရာအဖြစ် သတ်မှတ်ထားသည်။

သို့ဖြစ်ရာ ပင်လယ်နီတောင်ပိုင်းကိုဖြတ်သန်းသွားလာမည့်သင်္ဘောများအနေဖြင့် ခရီးစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာအာမခံကုမ္ပဏီများကို အသိပေးရန်နှင့် ပင်လယ်ရေကြောင်း လုံခြုံရေးအာမခံကြေး ထပ်ဆောင်းပေးရန်လိုကြောင်း သိရသည်။

ပင်လယ်နီ ဒေသအတွင်း သွားလာနေသည့် သင်္ဘောများကို ယီမင်အခြေစိုက်အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုက တိုက်ခိုက်နေခြင်း ဖြစ်သည်ဟု အမေရိကန်စစ်ဘက်က ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ထိုင်းနိုင်ငံ၌ ခရီးသည်တင်ဘတ်စကားတစ်စီး သစ်ပင်ကို ဝင်တိုက်မှုဖြစ်ပွား လူပေါင်း ၁၄ ဦးသေဆုံး၍ ဦးရေ ၃၀ ကျော်ဒဏ်ရာရရှိ

**ဗန်ကောက် ဒီဇင်ဘာ ၅**



ထိုင်းနိုင်ငံ အနောက်ပိုင်း၌ ယနေ့နံနက်ပိုင်းက ခရီးသည်တင်ဘတ်စကားတစ်စီး သစ်ပင်တစ်ပင်ကို အရှိန်ပြင်းစွာ ဝင်တိုက်ခဲ့ရာ လူပေါင်း ၁၄ ဦးသေဆုံး၍ ဦးရေ ၃၀ ကျော်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါခရီးသည်တင်ဘတ်စကားသည် ဗန်ကောက်မြို့မှဆောင်ကလာပြည်နယ်သို့ ဦးတည်မောင်းနှင်နေစဉ် ပရာချောက်ခီရီခန်ပြည်နယ်အတွင်း သစ်ပင်နှင့်ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ကားမောင်းနေစဉ်အတွင်း ယာဉ်မောင်းအိပ်ငိုက်ခဲ့မှုကြောင့် အဆိုပါယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရခြင်းဖြစ်နိုင်ကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားထားသည်။

သို့သော် လက်ရှိအချိန်တွင် ထိုင်းရဲတပ်ဖွဲ့က ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

သစ်ပင်နှင့် ဝင်တိုက်ချိန်တွင် အရှိန်ပြင်းလွန်းမှုကြောင့် ခရီးသည်တင်ဘတ်စကား ရှေ့ခေါင်းပိုင်းမှာ နှစ်ခြမ်းကွဲထွက်ခဲ့ရကြောင်း ထိုင်းပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။


အဆိုပါ ဘတ်စကားပေါ်တွင် အခင်းဖြစ်ပွားချိန်၌ ခရီးသည်၄၅ဦး လိုက်ပါလာကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ချန်ဒရာယန်-၃ လဆင်းယာဉ်ကို လဆီသို့ပို့ဆောင်ပေးခဲ့သည့် အိန္ဒိယအာကာသယာဉ် ကမ္ဘာပတ်လမ်းအတွင်း ပြန်လည်ရောက်ရှိလာ



**နယူးဒေလီ ဒီဇင်ဘာ ၅**

ချန်ဒရာယန်-၃ လဆင်းယာဉ်ကို လဆီသို့ပို့ဆောင်ပေးခဲ့သည့် အိန္ဒိယအာကာသယာဉ်သည် ကမ္ဘာပတ်လမ်းအတွင်း ပြန်လည်ရောက်ရှိလာကြောင်း ဒီဇင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ အာကာသယာဉ်သည် ယခုနှစ် ဩဂုတ်လအတွင်း အိန္ဒိယအာကာသအေဂျင်စီ၏ ချန်ဒရာယန်-၃ လဆင်းယာဉ်ကို လပတ်လမ်းအတွင်း ပို့ဆောင်ပေးခဲ့သည့်ယာဉ်ဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်၌ အဆိုပါ အာကာသယာဉ်သည် လပတ်လမ်းမှတစ်ဆင့် ကမ္ဘာပတ်လမ်းကြောင်း အမြင့်ပိုင်းသို့ရောက်ရှိလာပြီဖြစ်သည်ဟု အိန္ဒိယအာကာသအေဂျင်စီက ဒီဇင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

၎င်း အာကာသယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ပြန်လည် ဝင်ရောက်ရေးအတွက် ယခုနှစ် အောက်တိုဘာလအတွင်း မှစ၍ ပျံသန်းရာလမ်းကြောင်း ထိန်းညှိပြင်ဆင်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း အိန္ဒိယအာကာသအေဂျင်စီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အိန္ဒိယ အာကာသအေဂျင်စီသည် လကမ္ဘာကျောက်သားနမူနာများရယူရေးရည်ရွယ်ချက်အတွက် နည်းပညာများစမ်းသပ်သည့်အနေဖြင့် အထက်ပါအာကာသယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်းဆီသို့ ပြန်လည် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အဆိုပါအာကာသယာဉ်သည် နိုဝင်ဘာ ၂၂ ရက်က လဖြပ်ဆွဲအား ဩဇာအောက်မှ ပြန်လည်လွတ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## ဒိန်ချဉ်စားသုံးမှုက အစာခြေလမ်းကြောင်းစနစ်သာမက စိတ်ကျန်းမာရေးကိုလည်း အကျိုးပြုနိုင်

**နယူးယောက် ဒီဇင်ဘာ ၅**

ဒိန်ချဉ်စားသုံးမှုသည် အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးကိုသာမက စိတ်ကျန်းမာရေးကိုလည်း အကျိုးပြုနိုင်ကြောင်း ဒီဇင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

ဒိန်ချဉ်တွင် တွေ့ရှိရသော Lactobacillus ခေါ် ဗက်တီးရီးယားတစ်မျိုးသည် စိတ်ဖိအားဝင်ရောက်မှုကို ထိန်းချုပ်ရာတွင် ကူညီပေးနိုင်သကဲ့သို့ စိတ်ကျဝေဒနာနှင့် စိုးရိမ်သောကဝေဒနာ ဝင်ရောက်မှုများကို တားဆီးရာတွင်လည်း အကျိုးပြုနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ ဗာဂျီးနီးယား တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

Lactobacillus ဗက်တီးရီးယားသည် ဒိန်ချဉ်တွင်သာမက အခြားအချဉ်ဖောက်အစားအစာများတွင်လည်း တွေ့ရတတ်သည့် ဗက်တီးရီးယားတစ်မျိုးဖြစ်သည်။

အဆိုပါ ဗက်တီးရီးယားများသည် လူ့ခုခံအားစနစ်ကို ထိန်းညှိပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Lactobacillus ဗက်တီးရီးယားများအနေဖြင့် စိတ်ကျန်းမာရေးအပေါ် မည်သို့မည်ပုံအကျိုးပြုတတ်သည်ကို လက်ရှိထက် ပိုနားလည်ရန်လိုအပ်ကြောင်း သုတေသနပညာရှင်များက ဝန်ခံထားသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ စိတ်ကျန်းမာရေးပြဿနာအတွက် ကုထုံးသစ်များ ပေါ်လာနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နေအဖွဲ့အစည်းအနားစွန်းရှိ အားရစ်ဂြိုဟ်သိမ်က ကျောက်သားဂြိုဟ်တစ်စင်းနှင့်မတူဘဲ အပေါ်ယံမျက်နှာပြင်ပျော့အိနေသော ဂြိုဟ်တစ်စင်း၏အပြုအမူမျိုးရှိနေ


**ဝါရှင်တန် ဒီဇင်ဘာ ၅**

နေအဖွဲ့အစည်း အနားစွန်းရှိ အားရစ်အမည်ရှိ ဂြိုဟ်သိမ်သည် ကျောက်သားဂြိုဟ်တစ်စင်းနှင့်မတူဘဲ အပေါ်ယံမျက်နှာပြင်ပျော့အိနေသော ဂြိုဟ်တစ်စင်း၏အပြုအမူမျိုးရှိနေကြောင်း ဒီဇင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

ပလူတိုဂြိုဟ်သိမ်နှင့် ဖွဲ့စည်းတည်ဆောက်ပုံချင်းတူသော အားရစ်ဂြိုဟ်သိမ်သည် နက်ပကျွန်းဂြိုဟ် နေပတ်လမ်းအလွန် မိုင်သန်းရာပေါင်းများစွာအကွာ၌ တည်ရှိကြောင်း သိရသည်။

လွန်ခဲ့သော ၁၈ နှစ်က ပထမဆုံး ရှာဖွေတွေ့ရှိခဲ့သည့် အဆိုပါ ဂြိုဟ်သိမ်ကို ရေခဲဂြိုဟ်အငယ်စား တစ်စင်းအဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။

ချီလီနိုင်ငံအခြေစိုက် ရေဒီယို တယ်လီစကုပ်စနစ်များဖြင့် လေ့လာချက်အရ အားရစ်ဂြိုဟ်သိမ်စတင်ဖွဲ့စည်းဖြစ်ပေါ်ချိန်က ကျန်ရစ်ခဲ့သည့်အပူဓာတ်များမှာ အာ



ကာသဟင်းလင်းပြင်အတွင်းသို့ စိမ့်ထွက်နေဆဲဖြစ်ရာ ၎င်းဂြိုဟ်သိမ်၏ အပေါ်ယံရေခဲလွှာမျက်နှာပြင်မှာလည်း ပြန့်ထွက်နေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အားရစ်ဂြိုဟ်သိမ်နှင့် နေတို့ကြားအကွာအဝေးမှာ နေနှင့်ကမ္ဘာကြား အကွာအဝေးထက် ၆၈ ဆ ပိုဝေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် မည်သည့် အာကာသယာဉ်ကမျှ အားရစ်ဂြိုဟ်သိမ်ဆီသို့ သွားရောက်လေ့လာဖူးခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အော်တစ်ဇင်ရောဂါများကို ကုသပေးနိုင်သည့် ပထမဆုံးထိုးဆေးတစ်မျိုးကို တရုတ်ဖန်တီးထား

**ပေကျင်း ဒီဇင်ဘာ ၅**

အော်တစ်ဇင်ရောဂါများကို ကုသပေးနိုင်သည့် ပထမဆုံး ထိုးဆေးတစ်မျိုးကို တရုတ်ဆေးပညာရှင်များက ဖန်တီးထားကြောင်း ဒီဇင်ဘာ ၄ ရက်သတင်းများအရ သိရသည်။

အဆိုပါထိုးဆေးသည် ဦးနှောက်အတွင်းရှိ မျိုးဗီဇများကို တည်းဖြတ်ပေးခြင်းဖြင့် အော်တစ်ဇင်ရောဂါများကို ကုသပေးနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သော လက်တွေ့စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့် ရလဒ်များအရ အထက်ပါထိုးဆေးသည် လူသားတို့၏ အော်တစ်ဇင်ရောဂါများကို ကုသပေးနိုင်မည့် အလားအလာများရှိကြောင်း တရုတ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။


မိမိတို့၏ထိုးဆေးသည် အော်တစ်ဇင်ရောဂါသည်များတွင်ရှိတတ်သည့် မျိုးဗီဇမူကွဲတစ်မျိုးပိုင်ဆိုင်ထားသော ကြွက်များ၏ မျိုးဗီဇအခြေခံမော်လီကျူး (DNA) များကို ပြုပြင်ပြောင်းလဲပေးနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

လက်တွေ့စမ်းသပ်မှု ပြုလုပ်ရာတွင် မျိုးဗီဇတည်းဖြတ်မှုထိုးဆေး ရယူထားသည့် ကြွက်များတွင် အော်တစ်ဇင်ရောဂါနှင့် ဆက်စပ်နေသည့် အပြုအမူများကျဆင်းသွားကြောင်း တရုတ်သုတေသနပညာရှင်များ၏အဆိုအရသိရသည်။

ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ တစ်ရာခိုင်နှုန်းမှာ အော်တစ်ဇင်ရောဂါ (Autism) ခေါ် ငါးခွဲစိတ်ဝေဒနာ ခံစားနေကြရသူများဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



## ခရီတေးရှီးယပ်စ်ဘူမိခေတ် ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားများအရ ကမ္ဘာဦးခေတ်ခြင်ထီးများကလည်း သွေးစုပ်အင်းဆက်များဖြစ်

**ဝါရှင်တန် ဒီဇင်ဘာ ၅**

ခရီတေးရှီးယပ်စ် ဘူမိခေတ် ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ ကမ္ဘာဦးခေတ် ခြင်ထီးများသည်လည်း သွေးစုပ်အင်းဆက်များဖြစ်ကြကြောင်း ဒီဇင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

တရုတ်သိပ္ပံပညာရှင်များနှင့် လက်ဘနွန်သိပ္ပံပညာရှင်များသည် ခရီတေးရှီးယပ်စ် ဘူမိခေတ်ဦး ပယင်းကျောက်သားတစ်ခုအတွင်း ကမ္ဘာဦးခေတ် ခြင်ထီးနှစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိခဲ့ကြသည်။

သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၁၀၀ ခန့်ရှိပြီဖြစ်သော အဆိုပါပယင်းကျောက်ကို လက်ဘနွန်နိုင်ငံ၌ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်း ခြင်ထီးများသည် အရေပြားကို ထိုးဖောက်နိုင်သော နှုတ်ခမ်း အစိတ်အပိုင်းများပါရှိရာ ခရီတေးရှီးယပ်စ် ဘူမိခေတ်တွင် ခြင်ထီးများလည်း သွေးစုပ်တတ်သည့်သဘောကို ပြသနေသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက ခေတ်သစ် ခြင်များ၌ ခြင်မများသည်သာ အရေပြားကို ထိုးဖောက်နိုင်သည့် ပါးစပ်အစိတ်အပိုင်းများကို အသုံးပြု၍ လူနှင့်အခြားသက်ရှိများထံမှ သွေးကိုစုပ်ယူတတ်ကြောင်း သိရသည်။

သိပ္ပံပညာရှင်များ ယခင်ရှာဖွေတွေ့ရှိခဲ့ဖူးသည့် ကမ္ဘာဦးခြင် ကျောက်ဖြစ်ရုပ်ကြွင်းများမှာ ခရီတေးရှီးယပ်စ်ဘူမိခေတ်လယ်ပိုင်းမှ ခြင် ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအမှတ်ပေးဇယားကို ရှမ်းယူနိုက်တက်အသင်း ဆက်လက်ဦးဆောင်

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲပွဲစဉ်(၂၁)အပြီးတွင် အမှတ်ပေးဇယားကို ရှမ်းယူနိုက်တက်အသင်းက ဆက်လက် ဦးဆောင်လျက်ရှိနေကြောင်း သိရသည်။

ရှမ်းယူနိုက်တက် အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီမှစတင်ပြီး ယခုနှစ်ဘောလုံးရာသီထိ တစ်ပွဲမျှ ရှုံးနိမ့်ထားခြင်းမရှိသေးဘဲ ပွဲစဉ်(၂၁)အပြီးတွင် ရမှတ် ၅၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲပွဲစဉ် ပွဲစဉ်(၂၁)အပြီး ရှမ်းယူနိုက်တက်အသင်းနောက်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၅၀ ဖြင့် အဆင့်(၂)၊ဟံသာဝတီယူနိုက်တက်အသင်းက ရမှတ် ၃၄ မှတ်ဖြင့် အဆင့်(၃)၊ ဒဂုံစတားအသင်းက ရမှတ် ၂၈ မှတ်ဖြင့် အဆင့်(၄)၊ ISPEအသင်းက ရမှတ် ၂၆ မှတ်ဖြင့် အဆင့်(၅)၊ ရခိုင်ယူနိုက်တက်အသင်းကလည်း ၂၆ မှတ်ဖြင့် အဆင့်(၆)၊ ရှောဝတီယူနိုက်တက်အသင်းက ရမှတ် ၂၅ မှတ်ဖြင့် အဆင့်(၇)၊ မြဝတီအက်ဖ်စီအသင်းက ရမှတ် ၂၅ မှတ်ဖြင့် အဆင့်(၈)၊ မဟာယူနိုက်တက်အသင်းက ရမှတ် ၂၄ မှတ်ဖြင့် အဆင့်(၉)၊ ရတနာပုံအက်ဖ်စီအသင်းက ရမှတ် ၂၀ ဖြင့် အဆင့်(၁၀)၊ GFAအသင်းက ရမှတ် ၁၂ မှတ်ဖြင့် အဆင့်(၁၁)နှင့် ကချင်ယူနိုက်တက်အသင်းက ရမှတ် ၁၀ မှတ်ဖြင့် အဆင့်(၁၂)နေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

**STA**

# ဇန်နဝါရီအပြောင်းအရွှေ့တွင် အန်ကေးတီးယားကို ရောင်းချရန် အာဆင်နယ်အသင်း ဆုံးဖြတ်

**လန်ဒန် ဒီဇင်ဘာ ၅**

အာဆင်နယ်အသင်းက လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် တိုက်စစ်ကစားသမား ထပ်မံခေါ်ယူရန်အတွက် တိုက်စစ်မှူး အန်ကေးတီးယားကို ရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းအနေဖြင့် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဂျူဗင်တပ်တိုက်စစ်မှူး ဗလာဟိုဗစ်၊ ဘရန့်ဖို့ဒ်တိုက်စစ်မှူး တိုနေးနှင့် လိုက်ပ်ဇစ်တိုက်စစ်မှူး ဆက်ကိုတို့မှ တစ်ဦးကို ခေါ်ယူရန် စီစဉ်ထားသောကြောင့် ပရီးမီးယားလိဂ်က ချမှတ်ထားသည့် ဝင်ငွေထွက်ငွေစည်းမျဉ်းနှင့် ကိုက်ညီမှုရှိရေးအတွက် အန်ကေးတီးယားကိုရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၄ နှစ်ရှိ အန်ကေးတီးယားသည် ၂၀၁၅ ခုနှစ်က ချဲလ်ဆီးလူငယ်အသင်းမှ အာဆင်နယ်လူငယ်အသင်းသို့ရောက်ရှိခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့သဖြင့်အသင်းကြီးတွင်ပူးပေါင်းခွင့်ရခဲ့ကာ အသင်းနှင့် ကာလရှည် သက်တမ်းတိုးစာချုပ်ချုပ်ဆိုထားသော်လည်း ဘဏ္ဍာရေးလိုအပ်ချက်ကြောင့် ရောင်းချရန် ဆုံးဖြတ်ခဲ့ပြီး ၎င်းကလည်း ကိုင်ဟာဗက်၊ထရိုဆာ့ဒ်တို့နောက် လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်နေရသောကြောင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသည်။

ယခုအခါ အာဆင်နယ်အသင်းသည် တိုက်စစ်မှူး အန်ကေးတီးယားကို ခေါ်ယူမည့် ကလပ်အသင်းများကိုစောင့်ဆိုင်းနေပြီးသင့်တော်သည့် ပြောင်းရွှေ့ကြေးရရှိပါက လက်လွှတ်သွားမည်ဖြစ်သကဲ့သို့ ဂျူဗင်တပ်အသင်းတိုက်စစ်မှူး ဗလာဟိုဗစ်ကို ခေါ်ယူနိုင်ရန် ဦးစားပေးပစ်မှတ်ထားနေကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- CONMEBOL အဖွဲ့ချုပ်က ၂၀၂၄ ခုနှစ်တွင် အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် ကိုပါအမေရိကဖလားပြိုင်ပွဲအတွက် မြို့ ၁၄ မြို့ကို ရွေးချယ်ခဲ့ပြီးနောက် လာမည့်ကြာသပတေးနေ့တွင် အုပ်စုမဲခွဲပွဲစတင်ပြုလုပ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဂိုးသမား တာစတီဂန်အနေဖြင့် နောက်ကျောဒဏ်ရာခွဲစိတ်ကုသမှုခံယူပါက နောက်ထပ် နှစ်လခန့် အသင်း၏ပွဲစဉ်များကိုလွဲချော်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။
- လေဗာကူဆင်အသင်းအား အမှတ်ပေးဇယားထိပ်သို့ရောက်ရှိအောင် ကူညီပေးခဲ့သည့် တိုက်စစ်မှူး ဗိုင်ဇ်ကို မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့က အပြိုင်ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။ **ML**

# MNL 2 Promotion Amateur Club Tournament 2023

# ပြိုင်ပွဲ မဲခွဲပွဲနှင့် သတင်းစာရှင်းလင်းပွဲအခမ်းအနားကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာနေရှင်နယ်လိဂ်-၂ပြိုင်ပွဲဝင်ခွင့်အတွက် အသင်းသစ်များ စိစစ်ရွေးချယ်မည့် MNL 2 Promotion Amateur Club Tournament 2023 ပြိုင်ပွဲ ပွဲစဉ်မဲခွဲခြင်းနှင့်သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက သုဝဏ္ဏဘောလုံးကွင်း ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးနှင့်ကျင့်ဝတ်ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနေရှင်နယ်လိဂ်အမှုဆောင် အရာရှိချုပ် ဦးစိုးမိုးကျော်၊မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ၊ အပျော်တမ်းကလပ်အသင်းပိုင်ရှင်များ၊ အသင်းဥက္ကဋ္ဌများ၊အသင်းအမှုဆောင်အရာရှိချုပ်များ၊ အသင်းမန်နေဂျာများ၊ နည်းပြများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက အဖွင့်အမှာစကား ပြောကြားပြီးနောက် ဦးစိုးမိုးကျော်ကMNL 2 Promotion Amateur Club Tournament 2023 ပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ် စည်းမျဉ်းစည်းကမ်းများအတိုင်း ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ Referee Workshop အပါအဝင် သက်ဆိုင်ရာအသိပညာဖြန့်ဝေပေးမှုများပါလုပ်ဆောင်ပေးသွားမည့်အကြောင်းနှင့် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဦးကိုကိုသိန်းနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးနှင့်ကျင့်ဝတ်ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်တို့က ပွဲစဉ်ဇယားမဲခွဲရေးဆွဲပေးပြီးနောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

MNL 2 Promotion Amateur Club Tournament 2023 ပြိုင်ပွဲအတွက် ပွဲစဉ်ဇယားမဲခွဲမှုအပြီး အုပ်စု(က)တွင် TKG Hmawbi FC၊ Burmese Bees FC၊ Rangers FC၊ Rainbow FC အသင်း၊အုပ်စု(ခ)တွင် GOA Hmawbi FC၊Yangon Galaxy FC၊ Takero Strike FCနှင့် Passion FC အသင်းတို့ကျရောက်ခဲ့ပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# တင်းနစ်ရာသီ ရှစ်ရာသီထိ ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်နိုင်သည့် တင်းနစ်ကစားသမားအဖြစ် ဂျိုကိုဗစ် မှတ်တမ်းဝင်

**ရန်ကုန် ဒီဇင်ဘာ ၅**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် ပရော်ဖက်ရှင်နယ်တင်းနစ်အသင်းက ယခုနှစ် တင်းနစ်ရာသီ၏ ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမားနေရာတွင် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က ရပ်တည်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက် တင်းနစ်ရာသီ ရှစ်ရာသီထိ ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်နိုင်ခဲ့သော ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဂျိုကိုဗစ်သည် ၁၁၂၄၅ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပြီး စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်က ၈၈၅၅ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၂)၊ ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်က ရမှတ် ၇၆၀၀ ဖြင့် ကမ္ဘာ့အဆင့်(၃)၊ အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာက ကမ္ဘာ့အဆင့်(၄)၊ရုရှားတင်းနစ်ကစားသမား ရူဘလက်ဗ်က ကမ္ဘာ့အဆင့်(၅)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အမျိုးသမီး တင်းနစ်အသင်း(WTA)က ယခုနှစ်ရာသီ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကိုထုတ်ပြန်ခဲ့ရာ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ၉၂၉၅ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး နှစ်ရာသီဆက် ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာက ၉၀၅၀ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၂)၊ အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်က ရမှတ် ၆၅၈၀ ဖြင့် ကမ္ဘာ့အဆင့်(၃)၊ ကာဇက်စတန်တင်းနစ်မယ်ရိုင်ဘာကီနာက ၆၁၆၅ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၄)၊ အမေရိကန်တင်းနစ်မယ် ပီဂူလာက ၅၉၇၅ ရမှတ်ဖြင့် ကမ္ဘာ့အဆင့်(၅)နေရာတွင် ရပ်တည်ခဲ့ကြကြောင်း သိရသည်။




**Ref : RT**

**Trs : AZL**

# ခံစစ်ကစားသမား ကာဗာဂျယ် ဒဏ်ရာကြောင့် တစ်လခန့်အနားယူရမည်



**မက်ဒရစ် ဒီဇင်ဘာ ၅**

ဂရန်နာဒါအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား ကာဗာဂျယ်ကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် တစ်လခန့်အနားယူရမည်ဟု ရီးရဲလ်မက်ဒရစ်အသင်းက ထုတ်ပြန်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ကာဗာဂျယ်သည် ပွဲထွက်ကစားသမားစာရင်းတွင် ပါဝင်လာခဲ့ပြီး ပထမပိုင်းပွဲချိန်တွင် ကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အသင်းဖော် ဗက်ကွက်ဇ်နှင့် လူစားလဲထွက်ခွာခဲ့ရပြီးနောက် ဒဏ်ရာကိုလိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ တစ်လခန့်အနားယူရမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကာဗာဂျယ်သည် ယခုနှစ်ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်ဘယ်တောင်ပံခံစစ်ပိုင်းကို အဓိကဦးဆောင်နေသည့် ကစားသမားဖြစ်ပြီး ပြိုင်ပွဲစုံ ၁၇ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့သကဲ့သို့ သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။

နည်းပြ အန်ဆယ်လော့တီက ခံစစ်ကစားသမား ကာဗာဂျယ်ကို လာမည့်ဇန်နဝါရီ ၁၀ ရက်တွင်ကစားမည့် အေတီကိုအသင်းနှင့် စပိန်စူပါဖလားပွဲစဉ်တွင်ပါဝင်နိုင်ရန်မျှော်လင့်ထားပြီး လက်ရှိတွင် အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲ ၁၅ ပွဲကစားအပြီး ရမှတ် ၃၈ မှတ်ရရှိခဲ့သဖြင့် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နေသည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း (၁၆)သင်းရှုံးထွက်အဆင့်သို့ အုပ်စုပထမဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနိုင်ငံက RS-28 Sarmat တိုက်ချင်းပစ်ဒုံးကျည်ကို အဆင့်မြင့်စမ်းသပ်မှုပြုလုပ်ရန် ပြင်ဆင်နေ



ရုရှားနိုင်ငံက Satan-2 ဟု သိကြသည့် RS-28 Sarmat တိုက်ချင်းပစ်ဒုံးကျည်ကို အဆင့်မြင့်စမ်းသပ်မှုများပြုလုပ်ရန် ပြင်ဆင်နေကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြထားသည်။

ဤစမ်းသပ်မှုတွင် တောင်ဝင်ရိုးစွန်းကိုဖြတ်၍ စမ်းသပ်ပျံသန်းခြင်းနှင့်အတူ ဒုံးကျည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသော အဆင့်တစ်ခုကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

RS-28 Sarmat သည် အရွယ်အစားအားဖြင့် အကြီးစားတိုက်ချင်းပစ်ဒုံးကျည်မျိုးလည်းဖြစ်သည်။ Satan II ဟုလည်းခေါ်ဝေါ်သုံးနှုန်းလေ့ရှိပြီး NATOအဖွဲ့က SS-X-30 ဟုအမည်ပေးထားသော RS-28 Sarmat သည် ရုရှားနိုင်ငံထုတ်အကြီးစားတိုက်ချင်းပစ်ဒုံးကျည် (ICBM) စနစ်ဖြစ်သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က Valdai Debate Club ၌ မိန့်ခွန်းပြောကြားစဉ် RS-28 Sarmat ကို အမြောက်အမြား စတင်ထုတ်လုပ်နေပြီဟု ထုတ်ဖော်ကြေညာခဲ့သည်။

ဤတိုက်ချင်းပစ်ဒုံးကျည်သည် ရုရှားနိုင်ငံထုတ် မျိုးဆက်သစ် ICBM အမျိုးအစားဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် စမ်းသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခဲ့ကြသည်။ RS-28 Sarmat သည် Guided Nuclear Warhead ထိပ်ဖူး ၁၀ လုံးမှ ၁၅ လုံးထိ သယ်ဆောင်နိုင်ပြီး ၎င်းထိပ်ဖူးတပ်ဒုံးကျည်များသည် သီးခြားစီထိန်းကျောင်းတိုက်ပွဲဝင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

RS-28 Sarmat သည် တန် ၂၀၀ ကျော် အလေးချိန်ရှိသော အရည်လောင်စာသုံး ပဲ့ထိန်းဒုံးကျည်ပါဝင်သည့် ရောမတိုက်ချင်းပစ်ဒုံးကျည်စနစ်ဖြစ်သည်။ ရုရှား၏ မဟာဗျူဟာမြောက် လက်နက်တိုက်တွင် Satan ဒုံးကျည်ဟု လူသိများသော Voevoda ဒုံးကျည်များနေရာတွင် အစားထိုးအသုံးပြုနိုင်ရန် ရည်ရွယ်သည်။

၎င်းသည် ပဲ့ထိန်းနျူကလီးယားထိပ်ဖူး ၁၀ လုံးမှ ၁၅ လုံးထိ သယ်ဆောင်နိုင်မှုသည် ရုရှား၏ နျူကလီးယားစွမ်းရည်ကို မြှင့်တင်ပေးနိုင်သည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် တိုက်ခိုက်ရေးတာဝန် ပေးအပ်နိုင်ခဲ့မှုကို တရားဝင်ကြေညာခဲ့ပြီးဖြစ်သည်။

Sarmat ၏ အဓိက အားသာချက်တစ်ခုမှာ လက်ရှိနှင့်အနာဂတ် ဒုံးကျည်ကာကွယ်ရေးစနစ်များကို ကျော်လွှားနိုင်မည့် အလားအလာဖြစ်သည်။ ၎င်းသည် ကမ္ဘာတစ်ဝန်းရှိ ကျယ်ပြန့်သော တည်နေရာများကို ပစ်မှတ်ထားနိုင်စေမည့် အံ့အားသင့်ဖွယ်အကွာအဝေး ကီလိုမီတာ ၁၈၀၀၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ထို့ပြင် ၎င်း၏ထိပ်ဖူးများသည် ကမ္ဘာ့လေထုအတွင်းနှင့် အာကာသအတွင်း၌ပါ ပျံသန်းစဉ်အတွင်း ၎င်းတို့ကို ရှာဖွေရခက်ခဲစေမည့် အထူးပြုကိရိယာများ တပ်ဆင်ထားရှိသည်။

ဒုံးကျည် စတင်ပစ်လွှတ်ချိန်တွင် လောင်စာဆီများစွာကို အသုံးပြုနိုင်သော်လည်း အဆင့်များခွဲခြားထားသောကြောင့် ဒုံးကျည်အား စွမ်းအင်ကို ထိန်းသိမ်းထားနိုင်စေသည်။ တတိယအဆင့်တွင်တန်ချိန် ၁၀၀ ကျော်ကို တွန်းထုတ်နိုင်သောအင်ဂျင်လေးလုံးပါရှိပြီး ဒုံးကျည်၏ အကွာအဝေးကို တိုးမြှင့်နိုင်ကာ ၎င်းကို ကြားဖြတ်တိုက်ခိုက်လာမည့် ရန်သူ့ဒုံးကျည်ကာကွယ်ရေးစနစ်များအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

ဤသို့ တိုးတက်ဖွံ့ဖြိုးမှုများကြားမှ Sarmat သည် နိုင်ငံတကာ၏ ဆန်းစစ်အကဲဖြတ်မှု၊ သံသယဝင်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ အမေရိကန်နိုင်ငံ Analysis Center Nuclear Threat Initiative အဖွဲ့ကြီးက ရုရှားနိုင်ငံသည် ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း အနည်းဆုံး ဒုံးကျည်စမ်းသပ်မှု ၁၃ ကြိမ်ပြုလုပ်ခဲ့ပြီး အချို့သော အစီရင်ခံစာများတွင် အဆိုပါစမ်းသပ်မှုများသည် လုံးဝအောင်မြင်မှုမရှိသည့်အတွက် လက်နက်စနစ်၏ ယုံကြည်စိတ်ချရမှုနှင့် ထိရောက်မှုတို့အပေါ် မေးခွန်းထုတ်ဖွယ်ရှိနေသည်ဟု ပြောကြားခဲ့သည်။

အဆိုပါ စိုးရိမ်မှုများကြားမှ ၂၀၈ တန်လက်နက် တပ်ဆင်ထားသော ပထမဆုံးတပ်ရင်းကြီးသည် မကြာမီ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ ရုရှားနိုင်ငံပိုင် TASS သတင်းအေဂျင်စီသည် တောင်ဝင်ရိုးစွန်းမှတစ်ဆင့် စမ်းသပ်မှုအပါအဝင် နောက်ထပ် ပစ်လွှတ်စမ်းသပ်မည့်အစီအစဉ်များကို ရေးသားဖော်ပြခဲ့ပြီး နောက်ပိုင်းတွင် လူသိရှင်ကြားအသေးစိတ် ထုတ်ဖော်ပြောကြားချက်များကို ဖယ်ရှားခဲ့သော်လည်း ယခုအခါတွင် အဆိုပါသတင်းကို အတည်ပြုနိုင်ခဲ့ပြီဖြစ်သည်။

**Russia prepares for advanced testing of RS-28 Sarmat ICBM ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီရေတပ်၏ Sea Tiger ရဟတ်ယာဉ် ပထမဆုံး စမ်းသပ်ပျံသန်းမှုပြုလုပ်နိုင်ခဲ့

ဂျာမနီရေတပ်၏ ပထမဆုံး NH90 Sea Tiger ဘက်စုံသုံး ဖရီးဂိတ်စစ်ရေယာဉ်တင် ရဟတ်ယာဉ် ပထမဆုံး စမ်းသပ်ပျံသန်းမှုကို Bavaria ပြည်နယ်၊ Donauwörth မြို့တွင် ပြုလုပ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်ပျံသန်းမှုသည် ၂၀၂၀ ပြည့်နှစ်က Airbus Helicopters ကုမ္ပဏီနှင့်ချုပ်ဆိုခဲ့သော စာချုပ်၏တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ရေတပ်ဖရီးဂိတ်တင်စစ်ဆင်ရေးများတွင် အသုံးပြုနိုင်ရန်အတွက် Sea Tiger ရဟတ်ယာဉ် ၃၁ စင်းကို မှာယူခဲ့ကြောင်း သိရသည်။

ကျန်ရှိနေသေးသော ရဟတ်ယာဉ်များလွှဲပြောင်းပေးအပ်ရေးအတွက် ၂၀၂၅ ခုနှစ်တွင် လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်သည်။ ရေတပ်လေကြောင်းတပ်ဖွဲ့တွင် ၁၉၈၁ ခုနှစ်မှစတင်၍ တပ်တော်ဝင်အသုံးပြုလျက်ရှိသော အင်ဂျင်နှစ်လုံးတပ် သက်တမ်းရင့် Mk88A Sea Lynx ရဟတ်ယာဉ်များနေရာတွင် အစားထိုးအသုံးပြုရန် ရည်ရွယ် လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

Sea Tiger ရဟတ်ယာဉ်များသည် Airbus ကုမ္ပဏီထုတ် NH90 Sea Lion သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များနှင့်အတူ တပ်တော်ဝင်အသုံးပြုသွားနိုင်မည်ဖြစ်ပြီး ယခုနှစ်အစောပိုင်းတွင် အဆိုပါသယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များကိုလွှဲပြောင်းပေးအပ်ခြင်းများ အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ပြီးလည်းဖြစ်သည်။

Sea Tiger ရဟတ်ယာဉ်သည် NATO အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံကျော်တွင် အသုံးပြုလျက်ရှိသော NH90 NATO Frigate Helicopter ရဟတ်ယာဉ်၏ အဆင့်မြှင့်တားရှင်း ရဟတ်ယာဉ်အမျိုးအစားလည်းဖြစ်သည်။

Sea Tiger ရဟတ်ယာဉ်သည် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်ရေးများအတွက် ဂျာမနီရေတပ်၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းလည်းဖြစ်ကြောင်း Airbus ကုမ္ပဏီ၏ အဆိုအရ သိရသည်။

ရဟတ်ယာဉ်တွင် အီလက်ထရွန်နစ်အထောက်အကူပြုမှုစနစ်၊ Electro-Optical စနစ်၊ ရေငုပ်သင်္ဘော အသံပိုင်းဆိုင်ရာ အာရုံခံစနစ်များ၊ ရေကြောင်းပစ်မှတ်များနှင့် ရေငုပ်သင်္ဘောပစ်မှတ်များကို တိုက်ခိုက်ရေးစစ်ရေယာဉ်များကို ပစ်ကူ၊ စစ်ကူပေးနိုင်ရန် အဆင့်မြင့်လက်နက်များ တပ်ဆင်ပေးထားသည်။ ၎င်းသည် ရှာဖွေထောက်လှမ်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း တာဝန်များကိုပါ အထောက်အကူပြုပေးနိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။



Donauworth မြို့တွင် စမ်းသပ်ပျံသန်းသရုပ်ပြသမှုများ ပြီးဆုံးပါက Airbus ကုမ္ပဏီသည် ရဟတ်ယာဉ်၏ စွမ်းဆောင်ရည်နှင့် တပ်ဆင်အသုံးပြုထားသောစနစ်များ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ အရည်အချင်းဆန်းစစ်မှုအဆင့်တစ်ရပ်ကို အောင်မြင်စွာကျော်ဖြတ်နိုင်တော့မည်ဖြစ်သည်။

“ဂျာမနီရေတပ်အတွက် NH90 Sea Lion နဲ့ NH90 Sea Tiger ရဟတ်ယာဉ်တွေကို တပ်တော်ဝင်အသုံးပြုနိုင်စေတော့မှာဖြစ်လို့ ဂုဏ်ယူမဆုံးဖြစ်ရပါတယ်။ ဒီရဟတ်ယာဉ် နှစ်မျိုးစလုံးကို တပ်ဖြန့်အသုံးပြုနိုင်တာဟာ ရေတပ်အတွက် ရေကြောင်းစစ်ဆင်ရေးနဲ့ ကြံ့ခိုင်ထိန်းသိမ်းရေးစွမ်းအားတွေ ပိုမိုအားကောင်းလာစေမှာဖြစ်ပါတယ်”ဟု ဂျာမနီနိုင်ငံ Airbus Helicopters ကုမ္ပဏီမှမန်နေးဂျင်း ဒါရိုက်တာ Stefan Thoméက ပြောကြားသည်။

ရေတပ်တွင် တာဝန်ထမ်းဆောင်နေပြီဖြစ်သော NH90 Sea Lion ရဟတ်ယာဉ်သည် မကြာသေးမီက မြောက်ပင်လယ်တွင် ပထမဆုံးသော အဓိကကျသည့် ပင်လယ်ပြင်ကယ်ဆယ်ရေး စစ်ဆင်ရေးအတွင်း ၎င်း၏စွမ်းဆောင်ရည်ကို သက်သေပြနိုင်ခဲ့ပြီးဖြစ်သည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သေးသည်။

**German Navy's New Sea Tiger Helicopter Completes First Flight ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လူငယ်နှင့်စာပေအနုပညာပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပသွားမည်


ယခင်နှစ်က လူငယ်နှင့်စာပေအနုပညာပွဲတော်ကို တွေ့ရစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၅**

လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ဒီဇင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၂၂ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်စိုးက ပြောပြ၍ သိရသည်။

အဆိုပါ ပွဲတော်ကို (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပပေးခြင်းဖြစ်ပြီး ပွဲတော်အတွင်း လူငယ်များလေ့လာနိုင်သည့် ဝန်ကြီးဌာန ၁၃ ခုမှ ပြခန်းပေါင်း ၆၀ ကျော်ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"စာပေနဲ့ အနုပညာပွဲတော်ကတော့ နှစ်စဉ်ကျင်းပနေကျဖြစ်ပါတယ်။ လူငယ်တွေ သိသင့်သိထိုက်တဲ့ အသိပညာတွေ၊ ဗဟုသုတတွေ ရရှိနိုင်မဲ့ ပြခန်းပေါင်း ၆၀ ကျော်လောက်ထိ ခင်းကျင်းပြသသွားဖို့ ရှိပါတယ်။ ဝန်ကြီးဌာန ၁၃ ခုကနေ ပြသပေးမှာဖြစ်ပါတယ်။ ပွဲတော်မှာ စာပေနဲ့ပတ်သက်တဲ့ စာအုပ်စာပေခင်းကျင်းပြသတာ၊ ရောင်းချတာတွေလဲပါမယ်။ ၂၀ ရာစု စာရေးဆရာတွေရဲ့ဓာတ်ပုံတွေ၊ ထင်ရှားတဲ့ လက်ရာတွေပါဝင်မယ်။ တစ်ဆက်တည်းမှာပဲ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုပြခန်းတွေ၊ အစားအစာရောင်းချတဲ့ ဆိုင်တွေလဲပါမယ်။ လူငယ်တွေ ပါဝင်နိုင်မဲ့ ကစားပွဲအစီအစဉ်တွေ၊ ဖျော်ဖြေရေးအစီအစဉ်တွေလဲ ပါဝင်မှာဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်စိုးက ပြောပြသည်။

အဆိုပါပွဲတော်သို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းမိသားစုများ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြမည်ဖြစ်ကြောင်း၊ ပြပွဲကာလတွင် ပြခန်းများကို နံနက် ၉ နာရီ မိနစ် ၃၀ မှ ညနေ ၄ နာရီ မိနစ် ၃၀ ထိ လေ့လာကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Godzilla Minus One ဇာတ်ကား ပွဲဦးထွက်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ သန်းရရှိ

**နယူးယောက် ဒီဇင်ဘာ ၅**

Godzilla Minus One အမည်ရှိ ဂျပန်ရုပ်ရှင်ဇာတ်ကားသည် မြောက်အမေရိကရုပ်ရှင်ဈေးကွက်၌ ပွဲဦးထွက်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ သန်းထိရရှိခဲ့ကြောင်း ဒီဇင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

Godzilla Minus One ဇာတ်ကားကို ဒီဇင်ဘာ ၁ ရက်တွင် စတင်ရုံတင်ခဲ့ပြီး သုံးရက်အကြာတွင် မြောက်အမေရိက ရုပ်ရှင်ဈေးကွက်၌ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၁ သန်းထိရရှိခဲ့သည်။

လက်ရှိအချိန်တွင် Godzilla Minus One ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၅ သန်းထိ ရှိနိုင်ကြောင်း သိရသည်။

Godzilla Minus One ဇာတ်ကားကို ဂျပန်ဒါရိုက်တာ တာကာရှီယာမာဇာကီက ရိုက်ကူးထားပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၅ သန်းသာရှိခဲ့သည်။


အဆိုပါဇာတ်ကားသည် ၁၉၅၄ ခုနှစ်မှစ၍ ရိုက်ကူးထုတ်လုပ်ခဲ့ကြသည့် ဂေါ်ဇီလာသတ္တဝါဇာတ်ကားများအနက် ၃၇ ကားမြောက် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# စာရိတ္တ ရုပ်ရှင်ဇာတ်ကားကို မြန်မာတစ်နိုင်ငံလုံးရှိရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်




**ရန်ကုန် ဒီဇင်ဘာ ၅**

စာရိတ္တ ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလအတွင်း မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဖန်တီးပုံဖော်ထားသူ ဒါရိုက်တာ စိုးမိုးမင်းက ပြောပြ၍ သိရသည်။

စာရိတ္တ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို သက်ဦးမောင်က ရေးသားထားပြီး ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားကာ ဒါရိုက်တာ စိုးမိုးမင်းက ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ လက်တွေ့လူငယ်လောကမှာ မြင်တွေ့ရမဲ့ ဇာတ်လမ်းလေး တစ်ပုဒ်ပါပဲ။ ဒရာမာ၊ အက်ရှင်ဆန်ဆန်လေး သွားထားတဲ့ လူငယ်တွေအများဆုံး ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေကို ရိုက်ကူးထားတာပါ။ လူငယ်တွေ အများဆုံးပါသလို လူငယ်တွေ ကြုံတွေ့နေရတဲ့ လက်တွေ့ဘဝ မြင်ကွင်းဖြစ်တဲ့အတွက် လူငယ်တွေသဘောကျမယ်လို့ မျှော်လင့်ပါတယ်"ဟု ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။

စာရိတ္တရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကောင်းမြတ်စံ၊ ထက်အောင်ရှိန်း၊ မင်းဘုန်းမြတ်၊ တေဇလင်းရောင်၊ နေဝင်း၊ မေမြင့်မို၊ ဝေလာရီ၊ ထွန်းပုလဲရတနာ၊ ဥသြသံသာ၊ လှနုထွန်းတို့အပြင် ဝါရင့်သရုပ်ဆောင်များဖြစ်ကြသည့် နေဆန်း၊ မင်းသူ၊ သတ္တိ၊ ညီဂျော်၊ ဝင်းမင်းသန်းတို့က အားဖြည့်ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

ASH

# Five Nights at Freddy's ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ ၂၈၆ သန်းရှိလာ

**နယူးယောက် ဒီဇင်ဘာ ၅**

Blumhouse ရုပ်ရှင်ကုမ္ပဏီ၏ Five Nights at Freddy's ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၂၈၆ သန်းထိ ရှိလာပြီဖြစ်ကြောင်း ဒီဇင်ဘာ ၄ ရက် သတင်းများအရ သိရသည်။


အထက်ပါဝင်ငွေအတိုင်းအဆအရ အဆိုပါဇာတ်ကားသည် Blumhouse ရုပ်ရှင်ကုမ္ပဏီအတွက် သမိုင်းတစ်လျှောက်ဝင်ငွေအကောင်းဆုံး ထိတ်လန့်သည်းဖို့ဇာတ်ကား ဖြစ်လာခဲ့သည်။

Five Nights at Freddy's ဇာတ်ကားကို ယခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် Blumhouse ကုမ္ပဏီက စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားသည် ကလေးဝိညာဉ်များဝင်စီးနေသည့် ပီဇာဆိုင်အရုပ်များ၏ ခြောက်လှန့်မှုနှင့်ရင်ဆိုင်ခဲ့ရသော ညစောင့်အလုပ်သမားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာအမ်မာတမ်ပီက တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသား ဂျို့ဟက်ချာဆန်၊ မင်းသမီး ပိုက်ပါချာဘီယိုနှင့် အဲလစ်ဇဘက်လိုင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# နတ်မောက်မြို့နယ် အိုးဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နတ်မောက် ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် အိုးဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် တာဝန်ရှိသူများသည် ကျေးရွာကွန်ကရစ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ အိုးဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေးကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

နတ်မောက်မြို့နယ် အိုးဘိုကျေးရွာ၌ လမ်းအရှည် ပေ ၇၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၆ သန်းအသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၀၉ အိမ်၊ လူ ၉၁၈ ဦးတို့ ရာသီမရွေးသွားလာရလွယ်ကူလာမည်ဖြစ်ကြောင်း၊ ကျန်းမာရေး၊ လူမှုရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အကျိုးပြုသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က ပြောပြ၍ သိရသည်။

**သူသူ(နတ်မောက်)**

# Secretary of Security Council of Russian Federation presents Order of Alexander Nevsky conferred by Russian Federation President Mr Vladimir Putin on SAC Chairman Prime Minister Senior General Min Aung Hlaing; they discuss promotion of bilateral cooperation



Senior General Min Aung Hlaing receives Secretary of the Security Council of the Russian Federation Mr. Nikolai PATRUSHEV.



Secretary of the Security Council of the Russian Federation Mr. Nikolai PATRUSHEV presents Order of Alexander Nevsky conferred by Russian Federation President Mr Vladimir Putin on SAC Chairman Prime Minister Senior General Min Aung Hlaing.

**Nay Pyi Taw December 5**

Secretary of the Security Council of the Russian Federation Mr. Nikolai PATRUSHEV presented the Order of Alexander Nevsky conferred by Russian Federation President Mr. Vladimir Putin on Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing at the hall of the Credentials Hall of the Office of the State Administration Council Chairman in Nay Pyi Taw this afternoon and they discussed promotion of bilateral cooperation.

The ceremony was also attended by Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win, Joint Secretary of the Council Lt-Gen Ye Win Oo, Union Minister for Home Affairs Lt-Gen Yar Pyae, Union Minister at the Union Government Office-2 U Ko Ko Hlaing and officials. The Secretary of the Security Council of the Russian Federation was accompanied by Russian Ambassador to Myanmar H. E. Mr. Iskander AZIZOV and officials.


At the meeting, the Senior General first said that he warmly welcomed the delegates led by the Secretary of the Security Council of the Russian Federation.

The Secretary of the Security Council of the Russian Federation expressed thanks to the Senior General for a warm welcome to his delegation. Moreover, he said that President of the Russian Federation Mr. Vladimir Putin conferred the Order of Alexander Nevsky on SAC Chairman Prime Minister Senior General Min Aung Hlaing for his valuable endeavours to develop multi-sectoral cooperation with the Russian Federation and the Order of Friendship on SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win. He continued that he would like to hand over the titles to the two.

Then, the Secretary presented the Order of Alexander Nevsky conferred by President Mr. Vladimir Putin of the Russian Federation to the Senior General.

Next, the Secretary also presented the Order of Friendship to the Vice-Senior General.

The Senior General expressed his thanks for accepting the Order conferred by Russian President Mr. Vladimir Putin and cordially exchanged views with the Secretary on international issues and ASEAN issues, lesser prospects to control the world by a single powerful country due to changing the uni polar to the multi polar in the international arena, prospects of various countries in cooperation, the plan of Russian Federation to stand for Myanmar in the international arena, Myanmar's continuous stand for Russian over the efforts for ensuring perpetuation of sovereignty to combat terrorism, direct payment of Myanmar with neighbouring countries in trade, successful holding the naval exercise between two armed forces of Myanmar and the Russian Federation, direct flight and promotion of tourism sector, promotion of cooperation in health, energy, electric power, oil and natural gas, manufacturing of fertilizers to be used in agricultural sector, trade and steel production, cooperation in health and medical sectors between the two countries,



Secretary of the Security Council of the Russian Federation Mr. Nikolai PATRUSHEV presents the Order of Friendship to Vice-Senior General Soe Win.

of Russia, promotion of cooperation in defence and security measures between the two countries, bilateral cooperation in counter-terrorism, exchange of information between the two countries sending of more scholarship students from Myanmar to Russia, and further promotion of friendly relations and cooperation between the two countries.

100

# Kyaukmyaung Sub-Township completes cultivation of more than 4,000 acres of vegetables this year

**Shwebo December 5**

Kyaukmyaung Sub-Township Agriculture Department in Sagaing Region stated that a total of 4,140 acres of croplands have been placed under vegetable patches this year.

The sub-township set a target cultivation for 4,418 aces of vegetable in 2023-24 financial year but local farmers have so far grown 4,140 acres of vegetables, starting from October this year.

"This year, local farmers emphasize cultivation of mustard, chilli, tomato, cabbage, cauliflower and ladyfinger to meet the target of more than 4,400 acres in the sub-township. Our department raises awareness of local farmers to follow Good Agricultural Practices-GAP. Moreover, we urge local farmers to cultivate vegetables to be free from chemical residue," said Daw Khin Win, head of the department.

Starting from October 2022, local farmers cultivated 4,418 acres of vegetables in the sub-township.

Departmental officials educated local farmers to follow GAP system and produce healthy vegetables as well as extend sown acreage.

In the sub-township, local farmers cultivated 4,955 acres of vegetables from May to September, exceeding the target of 4,895 acres in the 2023-24 monsoon season.

206



A vegetable plantation.

# Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thado Thiri Thudhamma Min Aung Hlaing confers honorary title for performance on Mr. Nikolai PATRUSHEV, Secretary of the Security Council of the Russian Federation



Senior General Thadoe Maha Thray Sithu Thado Thiri Thudhamma Min Aung Hlaing presents Thray Sithu Title and Insignia to Mr. Nikolai PATRUSHEV, Secretary of the Security Council of the Russian Federation.



Senior General Min Aung Hlaing shakes hands with Mr. Nikolai PATRUSHEV.

**Nay Pyi Taw December 5**

Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thado Thiri Thudhamma Min Aung Hlaing conferred Thray Sithu Title, an honorary title for performance, on Mr. Nikolai PATRUSHEV, Secretary of the Security Council of the Russian Federation, for his brilliant efforts in furthering strengthening friendship and cooperation between Myanmar and Russia, at a ceremony held at the Credentials Hall of the SAC Chairman's Office here this afternoon.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Thiripyanchi Maha Thray Sithu Soe Win, Joint SAC Secretary Lt-Gen Zeya Kyawhtin Sithu Ye Win Oo, Union Minister for Home Affairs Lt-Gen Thiripyanchi Sithu Yar Pyae, Union Minister at the Government Office 2 Thiripyanchi U Ko Ko Hlaing and officials. Mr. PATRUSHEV was accompanied by Russian Ambassador to Myanmar H. E. Mr. Iskander AZIZOV and officials.

First, Deputy Minister at SAC Office U Khin Latt read out the title presentation order. Next, Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thado Thiri Thudhamma Min Aung Hlaing presented Thray Sithu Title and Insignia to Mr. Nikolai PATRUSHEV, Secretary of the Security Council of the Russian Federation, for his brilliant efforts in furthering strengthening friendship and cooperation between Myanmar and Russia.

The Senior General and the Russian Security Council Secretary posed for documentary photo together with attendees.

100

# Locals from Mawlaik District plant over 3,000 acres of soybean crops in this year

**Mawlaik December 5**

More than 3,000 acres of soybeans have been planted in Mawlaik District, Sagaing Region during this year's winter crop planting season, according to statistics from the Department of Agriculture for Mawlaik District.

In the winter planting period of 2023-2024, 7,550 acres of soybeans are planned to be planted in Mawlaik District, and since October this year, 3,143 acres have been planted.

"We are working to ensure that the designated acres are fully planted. We are also providing education to prevent pest infestation," said Daw Kywe Kywe Hlaing, head of Department of Agriculture for Mawlaik District.

A total of 115 acres of soybeans have been planted in Mawlaik Township and 3,028 acres in Phaungpyin Township, totaling 3,143 acres. It is reported that during the winter crop planting season of 2022-2023, 7,550 acres of soybeans were earmarked for planting in Mawlaik District, and from October to December in 2022, 298 acres were planted in Mawlaik Township and 7,153 acres in Phaungpyin Township, totaling 7,451 acres.

206

# Locals from Monywa District plant 9,208 acres of sunflower crops in winter crop planting season

**Monywa December 5**

A total of 9,208 acres of winter sunflower crops have been planted in Monywa District, Sagaing Region this year, according to statistics from the Department of Agriculture for Monywa District.

In the winter crop planting season of 2023-2024, 31,141 acres of winter sunflower crops have been earmarked for planting in Monywa District, and since October this year, 9,208 acres have already been planted.

"More than 30,000 acres of winter sunflower crops have been planted in Monywa District this year. So far, more than 9,000 acres of winter sunflower crops have been planted. As for sunflower cultivation, more winter sunflower crops are planted than rain sunflowers," said Daw San San Myint, head of the Department of Agriculture for Monywa District.

In the district, 9,466 acres of sunflower crops were earmarked for planting, and from June to September of this year, 944 acres were planted in Monywa Township, 5,708 acres in Budalin Township, 2,630 acres in Ayadaw Township and 248 acres in ChaungU Township, totaling 9,530 acres.

206

# 16,913 acres of chili to be grown in Myaungmya District this winter crop season

**Myaungmya December 5**

A total of 16,913 acres of chili will be planted in Myaungmya District, Ayeyawady Region, this winter crop season, said U Kyaw Moe Win, head of the Myaungmya District Agriculture Department.

In this year's winter crop planting season, 16,913 acres of chili will be cultivated in the district in the third week of December. Of the 16,913 acres earmarked, 4,791 acres are in Myaungmya Township, 2,871 acres in Einme Township and 9,251 acres in Wakhema Township.

"During this year's winter chil planting season, the entire district will plant 16,913 acres. We are working to plant 100 percent of the chili as planned. We are making preparations before planting the winter crops to ensure that the winter fruits that will be planted, including chili, are free from pests and have good yields. We will continue to do so," said U Kyaw Moe Win.

In order to properly grow winter crops, including chili, which will be planted in Myaungmya District, the Department of Agriculture will cooperate with local farmers to carry out educational activities in order to produce high yields, make crops free from pests and improve quality. Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အားပေးကူညီခြင်းနှင့် မိမိအလိုအလျောက်ပြုခြင်း

**စိန်လှိုင်ဖိုး**

အားပေးကူညီခြင်းနှင့်ပတ်သက်၍ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ-၅ (က)(၂၃)တွင်လည်းကောင်း၊ အလိုအလျောက်ပြုခြင်းဟူသော စကားရပ်ကို ရာဇသတ်ကြီးပုဒ်မ-၃၉ တွင်လည်းကောင်း ဖွင့်ဆိုထားပါသည်။ တစ်ခုချင်းစီ၏ မတူကွဲပြားမှုကို ဖွင့်ဆိုရှင်းပြ လမ်းညွှန်ထုံးဖွဲ့ထားသောအမှုတစ်ခုကို ၂၀၂၁ စီရင်ထုံးတွင် ဖတ်ရှုလိုက်ရပါသည်။ အများပြည်သူအတွက် အဖိုးထိုက်တန်သော ဥပဒေဗဟုသုတရရှိစေပါသဖြင့် ရည်ညွှန်းကိုးကားရေးသားဖော်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**


အမှုဖြစ်ပွားပုံမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် မုံရွာနယ်မြေရဲစခန်း၏ မယ(ပ)၈/၂၀၁၈ နှင့် မယ(ပ)၉/၂၀၁၈ အမှုတို့မှ ကွင်းဆက်တရားခံ သန့်ဇင်ဖြိုး ခေါ် ရှမ်းကြီး ခေါ် ကိုစိုင်းကို စစ်မေးစဉ် ထွက်ဆိုချက်သတင်းအရ ဒုတိယရဲအုပ် ဇာနည်မောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မုံရွာမြို့ နန္ဒာဝန်ရပ်ကွက် စည်သူလမ်းနှင့် ယုဇနလမ်းထောင့်တွင် အသင့်စောင့်ဆိုင်းနေပါသည်။

စည်သူလမ်းအတိုင်း အနောက်မှ အရှေ့သို့ (ကြိုတင်သတင်းရရှိထားသူ) စိုးငြိမ်းအောင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ၎င်းဝတ်ဆင်ထားသော ဘောင်းဘီတို၏ ယာဘက်အိတ်ကပ်အတွင်းမှ 88 နှင့် 1 စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၄၃ ပြား ၂၄ ဒသမ ၃ ဂရမ် တွေ့ရှိသဖြင့် အဆိုပါစိတ်ကြွဆေးပြားများကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး ဒုတိယရဲအုပ် ဇာနည်မောင်က မုံရွာနယ်မြေရဲစခန်းတွင် ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ခဲ့ပါသည်။

မုံရွာခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၅၀ တွင် စိုးငြိမ်းအောင်အပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ်ကျခံစေရန် သန့်ဇင်ဖြိုး ခေါ် ရှမ်းကြီး ခေါ် ကိုစိုင်းအပေါ် ၎င်းဥပဒေပုဒ်မ-၁၉(က/၂၁) အရ အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ခရိုင်တရားရုံး၏အမိန့်ကို သန့်ဇင်ဖြိုးက ကျေနပ်မှုမရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်သို့ အယူခံဝင်ရောက်သော်လည်း ပလပ်ခြင်းခံရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရာဇဝတ်ပြင်ဆင်မှုတင်သွင်းခဲ့ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလရုံးအမှုတွဲကို လေ့လာသည့်အခါတွင် လျှောက်ထားသူ သန့်ဇင်ဖြိုးသည် မုံရွာနယ်မြေရဲစခန်း ပထမသတင်းပေးတိုင်ချက် မယ(ပ)၈/၂၀၁၈ နှင့် မယ(ပ)၉/၂၀၁၈ တို့ဖြင့် ရေးဖွင့်တိုင်တန်းခဲ့သည့် အမှုများတွင် ကွင်းဆက်တရားခံအဖြစ် ဖမ်းဆီးခံထားရစဉ် စိုးငြိမ်းအောင်ဆိုသူထံမှ မူးယစ်ဆေးဝါးများ ဝယ်ယူခဲ့ကြောင်း ထွက်ဆိုချက်အရ "ရဲအရာရှိက စေခိုင်းသဖြင့် စိုးငြိမ်းအောင်ထံသို့ ဖုန်းဖြင့်ချိတ်ဆက်၍ ပစ္စည်းပို့ခိုင်းခဲ့သည်။ ပစ္စည်းပို့ရန် ချိန်းဆိုသည့်နေရာတွင် စောင့်ဆိုင်းဖမ်းဆီးရာ စိုးငြိမ်းအောင်ထံမှ တွေ့ရှိသိမ်းဆည်းခဲ့သည့် စိတ်ကြွဆေးပြားများနှင့်ပတ်သက်၍ သန့်ဇင်ဖြိုးကိုပါ အားပေးကူညီသူအဖြစ် အမှု



တွင် ထည့်သွင်းအရေးယူခဲ့ခြင်းဖြစ်ကြောင်း" ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဦးစွာဖော်ထုတ်စိစစ်ခဲ့ပါသည်။

မူလခရိုင်တရားရုံးက သန့်ဇင်ဖြိုးသည် စိုးငြိမ်းအောင်နှင့်အတူ သက်သေခံဆေးပြားများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိရာတွင် ပူးပေါင်းကြံစည်ပြီး အားပေးကူညီခဲ့သည်ဟု သုံးသပ်ကာ ၎င်းအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၁၉(က)/၂၁ အရ အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ်ချမှတ်ခဲ့ပြီး အဆိုပါအမိန့်ကို စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်က ဆက်လက်အတည်ပြုထားသည်။ သို့ဖြစ်၍ အမှုတွဲပေါ် ပေါက်ချက်အရ သန့်ဇင်ဖြိုးသည် **စိတ်ကြွဆေးပြားများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသူ စိုးငြိမ်းအောင်ကို အားပေးကူညီခြင်းရှိ၊ မရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆန်းစစ်ခဲ့ပါသည်။**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတွင် "အားပေးကူညီခြင်း" ဆိုသည့်စကားရပ်၏အဓိပ္ပာယ်ကို ဖွင့်ဆိုထားခြင်းမရှိသဖြင့် ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ-၅(က)(၂၃)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကောက်ယူရန်ဖြစ်ကြောင်း **ဦးဇောသင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၂၀၁၇ ခုနှစ်၊ မ.တ.စ စာ-၁၁** အမှုကို ရုံးတော်က ရည်ညွှန်းခဲ့ပါသည်။

"အားပေးကူညီခြင်း သို့မဟုတ် အားပေးအားမြှောက်ပြုခြင်းဆိုသော စကားရပ်တွင် ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်စေရန် တစ်ဦးတစ်ယောက်သောသူအား လှုံ့ဆော်ခြင်း သို့မဟုတ် ကူညီထောက်ပံ့ခြင်း သို့မဟုတ် ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ရန် အခြားသူတစ်ဦးနှင့် ပူးပေါင်းကြံစည်ခြင်းတို့ ပါဝင်ကြောင်း" ထို့ပြင် ရာဇသတ်ကြီးပုဒ်မ-၃၉ တွင် "မိမိအလိုအလျောက်ပြုခြင်း"ဆိုသည့်စကားရပ်ကို "တစ်ဦးတစ်ယောက်သောသူသည် အကျိုးသက်ရောက်စေရန် ကြံရွယ်၍ပြုလျှင် သို့တည်းမဟုတ် ထိုသို့ပြုစဉ် အကျိုးသက်ရောက်မည်ကို သိလျက်နှင့်ဖြစ်စေ၊ အကျိုးသက်ရောက်တန်သည်ကို ယုံကြည်ရန် အကြောင်းရှိလျက်ဖြစ်စေ ပြုလျှင် ထိုသူသည် မိမိအလိုအလျောက်ပြုသူမည်၏"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ရဲအရာရှိက သန့်ဇင်ဖြိုးကို စိုးငြိမ်းအောင်ထံသို့ ဖုန်းဖြင့် ချိတ်ဆက်ခိုင်းခဲ့ပြီး သက်သေခံစိတ်ကြွဆေးပြားများကို လာရောက်ပို့ဆောင်ရန် ပြောဆိုခိုင်းသည်ကို ဒုတိယရဲအုပ် ရန်အောင်ကျော် (လိုပြ- ၁)နှင့် ဦးစိုးမြင့်(လိုပြ-၄) တို့၏ ထွက်ဆိုချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ တင်ပြလျှောက်လဲချက်တို့တွင် တွေ့ရကြောင်း၊ ထိုသို့ **ရဲအရာရှိစေခိုင်းချက်အရ စိတ်ကြွဆေးပြားများ ဖုန်းဆက်မှာကြားပေးပို့ခိုင်းခဲ့ခြင်းသည် ၎င်း၏အလိုအလျောက်ပေါ်ပေါက်လာသော စိတ်ဆန္ဒအရ ပြုမူဆောင်ရွက်ခဲ့သည်ဟုလည်းကောင်း လာရောက်ပေးပို့သူထံမှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးနှင့်စပ်လျဉ်းပြီး အဆိုပါလာရောက်ပေးပို့သူနှင့် ပူးပေါင်းကြံစည်သည်ဟုလည်းကောင်း ဆိုနိုင်မည်မဟုတ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခိုင်ခိုင်မာမာ သုံးသပ်ခဲ့ပါသည်။**

သို့ဖြစ်၍ ရဲအရာရှိ၏စေခိုင်းချက်အရ တရားခံက အသွင်ယူဖုန်းဆက်မှာကြားသဖြင့် လာရောက်ပေးပို့သူထံမှ စိတ်ကြွဆေးပြားများ တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး အဆိုပါလာရောက်ပေးပို့သူအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားမှုဖြင့် အရေးယူခဲ့သောဖြစ်စဉ်တွင် **တရားခံ၏ ဆောင်ရွက်ချက်သည် ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ-၅(က)(၂၃) ပါ အားပေးကူညီခြင်းဆိုသည့် စကားရပ်နှင့် ရာဇသတ်ကြီးပုဒ်မ-၃၉ ပါ မိမိအလိုအလျောက်ပြုခြင်းဆိုသည့် စကားရပ်တို့တွင် အကျုံးဝင်သက်ဆိုင်သည်ဟု သုံးသပ်မည်ဆိုပါက ဥပဒေနှင့် ညီညွတ်မျှတမှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်သဖြင့် အောက်ရုံးများ၏ အမိန့်အပေါ် ဤရုံးမှ ဝင်ရောက်စွက်ဖက်ရန် အကြောင်းပေါ်ပေါက်နေကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဝေဖန်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကို ခွင့်ပြုပြီး တရားခံ သန့်ဇင်ဖြိုး ခေါ် ရှမ်းကြီး ခေါ် ကိုစိုင်းအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၁၉(က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်သည့် မုံရွာခရိုင်တရားရုံး၏ အမိန့်နှင့် ၎င်းအမိန့်ကို အတည်ပြုသည့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တို့၏ အမိန့်များကို ပယ်ဖျက်လိုက်ပြီး သန့်ဇင်ဖြိုး ခေါ် ရှမ်းကြီး ခေါ် ကိုစိုင်းအား အမှုမှ အပြီးအပြတ်လွှတ်လိုက်ပါသည်။ သန့်ဇင်ဖြိုး ခေါ် ရှမ်းကြီး ခေါ် ကိုစိုင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၀ ပြည့်နှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၆၁၉(ခ) အမှုကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၇၈၃၀ စိုက်ပျိုးပြီးစီး

**ခင်ဦး ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၇၈၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၉၈၆၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာ ၄ ရက်ထိ ဟင်းသီးဟင်းရွက်ဧက ၇၈၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ခင်ဦးမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီဇင်ဘာ ၄ ရက်ထိ ဟင်းသီးဟင်းရွက်ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်တွေကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်တွေအားလုံး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ညီညွတ်အောင်စိုက်ပျိုးဖို့ တောင်သူတွေကို အသိပညာပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ခင်ဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဟင်းသီးဟင်းရွက် ၉၈၆၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်းဧက ၃၁၅၀ စိုက်ပျိုးပြီးစီး


ယခင်နှစ်က ဆီမုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်းဧက ၃၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း ၂၇၉၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပန်းနှမ်းနဲ့ ဆီမုန်ညင်းကို နှစ်စဉ်စိုက်ပျိုးကြပါတယ်။ ပန်းနှမ်းနဲ့ဆီမုန်ညင်းကို ဆီအဖြစ် အသုံးပြုကြသလို ဆေးအဖြစ်လဲအသုံးပြုကြပါတယ်။ ကသာခရိုင်မှာ ဒီနှစ်ဆောင်းကာလ ပန်းနှမ်းနဲ့ ဆီမုန်ညင်းဧက၂၃၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတယ်။ လက်ရှိဧက ၃၁၅၀ စိုက်ပျိုးပြီးပါပြီ။ ဆက်လက် စိုက်ပျိုးနေပါတယ်။ လျာထားချက်ဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် ယခုနှစ် ဆီမုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ဆီမုန်ညင်း ၃၅ ဧက၊ ပန်းနှမ်း ၁၀၂၄ ဧက၊ အင်းတော်မြို့နယ်တွင် ပန်းနှမ်းဧက ၃၅၀၊ ထီးချိုင့်မြို့နယ်တွင် ပန်းနှမ်းဧက ၁၅၀၀ နှင့် ဗန်းမောက်မြို့နယ်တွင် ဆီမုန်ညင်း ၂၄၁ ဧက စုစုပေါင်းဧက ၃၁၅၀ ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ဆီမုန်ညင်း ၂၀၇ ဧက၊ပန်းနှမ်းဧက ၁၃၅၀၀၊ အင်းတော်မြို့နယ်တွင် ဆီမုန်ညင်းဧက ၂၂၀၊ ပန်းနှမ်း ၁၈၄၂ ဧက၊ ထီးချိုင့်မြို့နယ်တွင် ဆီမုန်ညင်း ၃၃၅ ဧက၊ ပန်းနှမ်း ၄၀၄၈ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် ဆီမုန်ညင်းဧက ၃၂၂၀၊ ပန်းနှမ်း ၄၂၅ ဧက စုစုပေါင်း ၂၃၇၉၇ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၇၇၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်း

**မအူပင် ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ် ကောင်းနေကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်ဘက်သို့ ရှမ်းပြည်နယ်မှထွက်ရှိသည့် ကြက်သွန်ဖြူပိသာချိန် ၅၀၀ နှင့်အထက် နေ့စဉ် အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါကြက်သွန်ဖြူများ နိုဝင်ဘာလ တတိယပတ်မှစတင်ပြီး ယနေ့ထိ သိသိသာသာအရောင်းအဝယ် ကောင်းမွန်လာပြီး လက်ရှိ ကြက်သွန်ဖြူပိသာချိန် ၁၀၀ လျှင် ငွေကျပ် ၈၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။



"ရှမ်းပြည်နယ်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို ကြက်သွန်ဖြူတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ လက်ရှိ ကြက်သွန်ဖြူပိသာချိန် ၁၀၀ ကို ငွေကျပ် ၈၅၀၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ကြက်သွန်ဖြူက ပြည်တွင်းဈေးကွက်မှာတင် ဝယ်လိုအားများနေတာ။ လက်ရှိ မအူပင်မြို့နယ် ဈေးကွက်အနေနဲ့ တစ်ရက်တာ ကြက်သွန်ဖြူပိသာချိန် ၅၀၀ နဲ့အကျော်မှာပဲ အရောင်းအဝယ်ဖြစ်နေပါတယ်။ မအူပင်မြို့နယ်ဘက်ကို ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူတွေက လတ်ဆတ်ပါတယ်။ အရည်အသွေးကလဲ မဆိုးပါဘူး"ဟု မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ကျောက်ခဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေရစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကျောက်ခဲကုန်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေအရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့်ငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၀ ဒသမ ၄၈ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျောက်ခဲကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊အသင်းသူ ၁၃၅ ဦးကို ငွေကျပ် ၆၀ ဒသမ ၄၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၅-၁၂-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ဒုတိယနေ့ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီ၌ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍဝံသကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ဆက်လက်၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မဟာနာယကကျောင်းတော်ကြီးသို့ သွားရောက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများအား အလှူရှင်မိသားစုများနှင့်အတူ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဥပုါတသန္တိဝတ်ရွတ်စဉ်ကျမ်းနှင့် ဗုဒ္ဓရုပ်ပွားပုံတော်များကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစည်းအဝေးဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက အတည်ပြုချက်ရယူပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား သယ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်)ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမ ဓမ္မမိတ်ဆွေများက သတ္တတိသတိမ ၃၇ ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း တစ်နေ့တာဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အလေးမပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ



**တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၂၂-၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အလေးမပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အလေးမပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ၂၀၂၂-၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အလေးမပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ငါးသင်းမှ ပြိုင်ပွဲဝင်အားကစားသမား ၉၃ ဦးဖြင့် အကြိုးတန်း၊ အငယ်တန်းခွဲ၍ ဒီဇင်ဘာ ၁ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၅**


နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။


ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်အသက်ပေးနေသော ပြည်သူ့စစ်သားကောင်းကြီးများ အန္တရာယ်ကင်းရှင်းဘေးကင်းပြီး ဘေးမသီရန်မခဘဲ အမြန်ပြန်လာပြီး မိသားစုနှင့်အတူ ချစ်ကြည်နူးမှုတွေနဲ့ ပြန်လည်ဆုံတွေ့ကြပါစေ၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။



**လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက လှူဒါန်းသော ထောပတ်ထမင်းဘူးများကို တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။**





**စေတနာရှင်အလှူရှင် ပြည်သူများက လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများကရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများကို တွေ့ရစဉ်။**

# ရုရှားနိုင်ငံ၏ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်တို့ကို ရုရှားသမ္မတက ပေးအပ်ချီးမြှင့်သည့် ဘွဲ့တံဆိပ်များနှင့် မြန်မာ-ရုရှား ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးချက်များ၊ မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများကို တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေ၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်ဖြစ်စဉ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ သဘောထားရပ်တည်ချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Nikolai PATRUSHEV နဲ့ တွဲဖက်အတွင်းရေးမှူး ပြီးရင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အပါအဝင် ရုရှားနိုင်ငံရဲ့ ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကိုရောက်ရှိပါတယ်။ အဓိကကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်က ချီးမြှင့်တဲ့ Order of Alexander Nevsky ဘွဲ့တံဆိပ် လာရောက်ပေးအပ်ခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကို ရုရှားသမ္မတနိုင်ငံကချီးမြှင့်တဲ့ ဘွဲ့တံဆိပ်များ လာရောက်ပေးအပ်ခြင်း၊ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ချစ်ကြည်ရေးဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။ ရုရှားနဲ့ မြန်မာ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့လို့ ဒီဘွဲ့တံဆိပ်များ ပေးအပ်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်လုံခြုံရေးကောင်စီအတွင်းရေးမှူးကို မြန်မာနိုင်ငံက ဘွဲ့တံဆိပ် ပေးအပ်တဲ့အခမ်းအနားပြုလုပ်ခဲ့ပါတယ်။ သရေစည်သူဘွဲ့ ပေးအပ်ခြင်းအခမ်းအနားဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ဒီဘွဲ့တံဆိပ်များပေးအပ်ပြီးတဲ့အခါမှာ နှစ်နိုင်ငံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ်နိုင်ငံဆွေးနွေးမှုကတော့ အချိန်နှစ်နာရီနီးပါးကြာခဲ့ပါတယ်။ ဒီမှာတော့ နိုင်ငံတကာရေးရာကိစ္စတွေ၊ အာဆီယံရေးရာကိစ္စတွေ အဓိကဆွေးနွေးခဲ့ပါတယ်။ ပြီးရင် နိုင်ငံတကာမှာဖြစ်ပေါ် ပြောင်းလဲနေတဲ့အခြေအနေတွေ၊ နိုင်ငံတကာမှာဖြစ်ပေါ် နေတဲ့ ပဋိပက္ခတွေအပေါ် မှာ နှစ်နိုင်ငံရဲ့အမြင်တွေ၊ နှစ်နိုင်ငံရဲ့သဘောထားရပ်တည်ချက်တွေ ပြီးရင် နိုင်ငံတကာမျက်နှာစာမှာ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံဘက်ကနေပြီး အစဉ်အမြဲရပ်တည်သွားမယ်ဆိုတဲ့ ရပ်တည်ချက်တွေ၊ ပြီးရင် မြန်မာနိုင်ငံရဲ့ ဒေသတွင်းသဘောထားအမြင်တွေ၊ လက်ရှိဖြစ်ပေါ် နေတဲ့အခြေအနေတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒါ့ပြင် ကျွန်တော်တို့က နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင်ရေးအတွက် ကဏ္ဍစုံပေါ့ ကဏ္ဍစုံဆိုတဲ့နေရာမှာ ကာကွယ်ရေး၊ လုံခြုံရေးကဏ္ဍ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကဏ္ဍ ဒီကာကွယ်ရေး၊ လုံခြုံရေးကဏ္ဍတွေအပြင် ငွေရေးကြေးရေးဆိုင်ရာ ကဏ္ဍတွေ၊ ပြီးရင် ကုန်သွယ်မှုဆိုင်ရာကဏ္ဍတွေ၊ အဓိကကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလိုအပ်နေတဲ့ စွမ်းအင်လျှပ်စစ်ကဏ္ဍတွေကို အဓိကထားပြီး ဆွေးနွေးနိုင်ခဲ့ပါတယ်။ ပြီးရင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးလာမယ့် သံမဏိလုပ်ငန်း၊ ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်း ဒီလုပ်ငန်းတွေကိုလည်း ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ပြီးရင်တော့ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်တွေ၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်တွေ ပညာတော်သင်နဲ့ပတ်သက်ပြီး ပညာတော်သင်ကိစ္စရပ်တွေ နယ်ပယ်တော်တော်များများကို ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ယခင်နှစ်တုန်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ တွေ့စဉ် အခါတုန်းကလည်း ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ် သဘောထားကို ပွင့်ပွင့်လင်းလင်းပြောခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံသည်



ဗိုလ်ချုပ်ဇော်မင်းထွန်း
(သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ရုရှားနိုင်ငံအတွက် အရှေ့တောင်အာရှမှာ ယုံကြည်စိတ်ချရမှုအရှိဆုံးနဲ့ ခိုင်မာမှုအရှိဆုံးနိုင်ငံလို့သတ်မှတ်ပြီးဖြစ်ပါတယ်။ ဒါကြောင့် ရုရှား-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆက်ဆံရေး၊ ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေး ကိစ္စတွေက ရှေ့ဆက်ပြီးတော့ တိုးတက်အောင်ဆောင်ရွက်သွားမယ့် ကိစ္စတွေဖြစ်ပါတယ်။ နယ်ပယ်စုံ၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နယ်ပယ်စုံ၊ ကဏ္ဍစုံ သဘောထားတူညီစွာ ရပ်တည်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နောက်တစ်ခုက ဒီနေ့မှာတော့ ကျွန်တော်တို့ နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်နေထိုင်တဲ့ နိုင်ငံခြားသားများ လွှဲပြောင်းပေးမှုအနေနဲ့ အမျိုးသား ၉၂ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၀၄ ဦးကို လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အောက်တိုဘာ ၃၁ ရက်ကနေ ဒီဇင်ဘာ ၅ ရက်ထိ စုစုပေါင်း ၁၁၁၈၃ ဦး လွှဲပြောင်းခဲ့ပြီးဖြစ်ပါတယ်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုဖြစ်စဉ်အနေနဲ့ ပထမဦးဆုံးက ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်မှာဖြစ်တဲ့ကိစ္စဖြစ်ပါတယ်။ အင်အား ၁၅၀၀ လောက်နဲ့ မုန်းတစ်နယ်လုံးကိုသိမ်းပြီးပြီ၊ မုန်းတိုက်နယ်တစ်ခုလုံးကို သိမ်းပြီးပြီဆိုတဲ့ ကောလာဟလထုတ်လွှင့်မှုမျိုးတွေရှိပါတယ်။ ဒီမနက်အထိလည်းရှိတာပါပဲ။ အားရပါးရ ရေးနေတာတွေလည်းရှိတယ်။ အနောက်နိုင်ငံအားပေးမီဒီယာတွေ၊ အနောက်နိုင်ငံက ထောက်ပံ့ပေးတဲ့မီဒီယာတွေ ရေးနေတာတွေရှိပါတယ်။ ဖြစ်စဉ်ကတော့ ဒီဇင်ဘာ ၃ ရက် မနက်ပိုင်းကနေစပြီး ဖြစ်ပွားခဲ့တယ်။ ဒီဇင်ဘာ ၄ ရက် မနေ့ကထိ ပြင်းပြင်းထန်ထန်တိုက်ပွဲဖြစ်ပွားခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ တချို့နေရာတွေမှာ မိသားစုတွေကို လုံခြုံစိတ်ချရတဲ့နေရာတွေကို ရွှေ့ပြောင်းပေးခဲ့ရတာတွေရှိပါတယ်။ ဒီနေ့ ဒီဇင်ဘာ ၅ ရက် မနက်ပိုင်းမှာပဲ ရှေ့ကပြောခဲ့တဲ့ အနောက်နိုင်ငံအားပေးမီဒီယာတွေ၊ ပြည်ဖျက်မီဒီယာတွေက အားလုံးသိမ်းပိုက်နိုင်ပြီလို့ပြောပါတယ်။ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းမှာလည်း ကျွန်တော်တို့က စနစ်တကျပြန်လည်စုဖွဲ့ပြီးတော့ ကျွန်တော်ပြောခဲ့တဲ့ တပ်ရင်းတစ်ရင်းကိုပြန်လည်ဝင်ရောက်ပြီး လုံခြုံရေးလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ မုန်းဆိုတာက မြို့သေးသေးလေးပါ။ တိုက်နယ်အဆင့်လို့ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ သူတို့အနေနဲ့က ဒီမုန်းဒေသမှာ နေရာသုံးနေရာလောက်ကို အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်တာဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် တခြားအဖွဲ့တွေရဲ့ မြို့သိမ်းတိုက်ပွဲ၊ မြို့သိမ်းတိုက်ပွဲဆိုတဲ့ ကြွေးကြော်သံတွေရဲ့အောက်မှာ ပြယုဂ်တစ်ခု ပြချင်တာလည်းဖြစ်မှာပေါ့။ ဒါ့ကြောင့် ကျွန်တော်ဟိုနေ့ကလည်းပြောခဲ့ပြီးပါပြီ။ သူတို့ဘယ်လောက်အထိကျဆုံးတယ်၊ ဘယ်လောက်ထိ ထိခိုက်ဒဏ်ရာရတယ်ဆိုတာ သူတို့အသိဆုံးဖြစ်မှာပါလို့ပြောခဲ့ပါတယ်။ ဒီနေ့မှာလည်း ဒီလိုပါပဲ မုန်းရဲ့မြောက်ဘက်နဲ့ အရှေ့ဘက်ကို ရန်သူများဆုတ်ခွာထွက်ပြေးပါတယ်။ ဆုတ်ခွာထွက်ပြေးတဲ့အခါမှာလည်း တပ်မတော်အနေနဲ့ လုံခြုံမှုရှိအောင် လိုက်လံချေမှုန်းရတာမျိုးတွေရှိပါတယ်။ အဲ့ဒီမှာလည်း သူတို့ဘယ်လောက်ကျဆုံးတယ်၊ ဘယ်လောက်ထိ ထိခိုက်ဒဏ်ရာရတယ်ဆိုတာ သူတို့ပဲ အသိဆုံးဖြစ်ပါတယ်။ ဒါတွေက ဘယ်လောက်သေတယ်၊ ဘယ်လောက်ကျဆုံးတယ်၊ ဘယ်လောက်ဒဏ်ရာရတယ်ဆိုတာက ဂုဏ်ယူပြီးပြောနေစရာမရှိပါဘူး။ ကျွန်တော်ပြောသလိုပါပဲ။ ဘယ်လိုပဲပြောပြော မြန်မာနိုင်ငံသားတွေပဲဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့အနေနဲ့ ပြည်သူ့အသက်အိုးအိမ်၊ စည်းစိမ်၊ ပြည်သူလူထုရဲ့ လမ်းပန်းဆက်သွယ်မှု၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝလုံခြုံမှုကို ထိခိုက်လာရင်တော့ ပြတ်ပြတ်သားသားချေမှုန်းရမှာပဲဖြစ်တယ်လို့ပြောချင်ပါတယ်။ ရှမ်းပြည်နယ်မြောက်ဘက်မှာတော့ လောက်ကိုင်မြို့ရဲ့ အရှေ့ဘက်နဲ့ တောင်ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုတချို့ရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာတော့ ထီးချိုင့်မှာ နေရာသုံးနေရာလောက် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုဖြစ်ခဲ့ပါတယ်။ ထီးချိုင့်ရဲ့ ဒီနေရာသုံးနေရာမှာလည်း ရန်သူအနေနဲ့ ထိခိုက်ဒဏ်ရာရမှုများပြားပြီး ဆုတ်ခွာထွက်ပြေးရတယ်ဆိုတာ ကျွန်တော်တို့တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ပြောလိုတာကတော့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်သည် နိုင်ငံတော်ဝန်ကြီးချုပ် ပြောပြီးတဲ့အတိုင်းပဲ၊ ပြောထားတဲ့အတိုင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကို လိုက်နာကျင့်သုံးနေတဲ့နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်နီးနားချင်းတွေအပေါ် မှာထားရှိတဲ့ မူဝါဒသည် ကျွန်တော်တို့ရဲ့နယ်မြေ၊ မြန်မာနိုင်ငံရဲ့ ပိုင်နက်နယ်မြေကို အသုံးပြုပြီး အိမ်နီးနားချင်းနိုင်ငံတွေရဲ့ အကျိုးစီးပွားကို ထိခိုက်စေမယ့်အလုပ်တွေ၊ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ လုံခြုံရေးကို ထိခိုက်စေမယ့်လုပ်ငန်းတွေကို လုံးဝလက်မခံဘူးလို့ အတိအလင်းပြောကြားပြီးဖြစ်ပါတယ်။ အားလုံးနဲ့ မိတ်ဆွေဖြစ်ရေးမူဝါဒပဲရှိပါတယ်။ အားလုံးနဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒပဲရှိပါတယ်။ ဒါတွေကို မြန်မာနိုင်ငံအနေနဲ့ နိုင်ငံခြားရေးမူဝါဒအဖြစ် အစဉ်တစိုက်လက်ခံကျင့်သုံးခဲ့တာဖြစ်ပါတယ်။ နောင်မှာလည်း လက်ခံကျင့်သုံးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ သဘောထားရပ်တည်ချက်အမှန်ကိုသိတဲ့နိုင်ငံများအနေနဲ့ ယနေ့ထိ မြန်မာနိုင်ငံဘက်ကနေရပ်တည်ပြီး ဆောင်ရွက်ပေးနေတာရှိပါတယ်။ ဒါကြောင့် ဒီနိုင်ငံများ၊ နိုင်ငံကြီးများကို ကျွန်တော်တို့အနေနဲ့ လေးစားပါတယ်၊ တန်ဖိုးထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားချင်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ULA/AA ကြောင့် သင်္ဂဟပန်းတွေကြွေရတော့မယ့် သာလီစွ ငါရို့ရခိုင်မြေ

ရခိုင်သားတစ်ဦး



ဘေးအန္တရာယ်ဟူသော စကားရပ်ကို အမိပ္ပာယ်ဖွဲ့ဆိုရလျှင် သဘာဝဘေး အန္တရာယ် (Natural Disaster) နှင့် လူလုပ်ဘေးအန္တရာယ် (Man-made Disaster) ဟူ၍ သတ်မှတ်နိုင်သည်။ သဘာဝဘေးအန္တရာယ်များဆိုသည်ကား သဘာဝအလျောက် ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်လာသော ဖြစ်စဉ်များဖြစ်ပြီး လူလုပ်ဘေးအန္တရာယ်ဆိုသည်မှာ လူသားတို့၏ အကြမ်းဖက်လုပ်ရပ်ဖြင့် ပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာသော အနိဋ္ဌာရုံများဖြစ်သည်။

လူလုပ်ဘေးအန္တရာယ်ဖြစ်သည့် အကြမ်းဖက်မှုများဖြစ်လာပြီဆိုလျှင် မည်မျှပင်ဖွံ့ဖြိုးတိုးတက်သည့်နေရာဖြစ်ပါစေ အချိန်တစ်ခဏအတွင်းမှာပင် ပျက်စီးဆုံးရှုံးမှုများစွာကို မလွဲမသွေရင်ဆိုင်ရမည်ဖြစ်သည်။ အကြမ်းဖက်မှုများကြောင့် မြို့ရွာများပျက်စီးမှုနှင့်အတူ စီးပွားရေးဆောင်ရွက်နိုင်မှုမရှိခြင်း၊ စားသောက်ကုန်များ ပြတ်လပ်ရှားပါးခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုရပ်တန့်ခြင်းနှင့် ကုန်ဈေးနှုန်းများ အဆမတန်ကြီးမြင့်ခြင်းစသည့် နောက်ဆက်တွဲအကျိုးဆက်များကို တွေ့ကြုံရမည်ဖြစ်သည်။

မုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော ထိခိုက်ပျက်စီးမှုများသည် သာမန်မျှသာဖြစ်ပြီး ၎င်းတို့ကို ပြန်လည်ပြင်ဆင်နိုင်သော်လည်း လူလုပ်ဘေးအန္တရာယ်ကြောင့် ပျက်စီးမှုကတော့ သာမန်မဟုတ်ပေ။ သူ့ကြောင့် ရုပ်ဝတ္ထုပိုင်းသာမကဘဲ ကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် စိတ်ဓာတ်ရေးရာတို့အပါအဝင် ဘက်ပေါင်းစုံတွင် ထိခိုက်ပျက်စီးမှုများကိုဖြစ်စေသည်။ လူလုပ်ဘေးအန္တရာယ်ဆိုသည့်အတိုင်း ထိုအခြင်းအရာသည် လူသားများ၏လုပ်ရပ်ကြောင့်ဖြစ်သောဘေးဒုက္ခဖြစ်၍ လူသားများကပင် ပြန်လည်ထိန်းသိမ်းမှုများ လုပ်ရမည်ဖြစ်သည်။

မိမိတို့နိုင်ငံမှာ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခဲ့သောပျက်စီးမှုများကို နိုင်ငံတော်အစိုးရက ပြန်လည်ပြင်ဆင်မှုများနှင့်တိုးတက်ကောင်းမွန်မှုများ လုပ်ဆောင်ပေးနိုင်ခဲ့သလို တစ်ဖက်တွင်လည်း လူလုပ်ဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာမည့်ပျက်စီးမှုများကို ပြည်သူများမလိုလားသည့် အခြေအနေတစ်ခုက အထင်းသားတည်ရှိနေသည်။ ထိုအခြေအနေဖြစ်ပေါ်တည်ရှိရာနေရာကား မြန်မာနိုင်ငံ၏ အနောက်ဘက်ရှိ ရခိုင်တိုင်းရင်းသားများနေထိုင်ရာ ရခိုင်ပြည်နယ်ပင်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ရခိုင်ရိုးမတောင်တန်းနှင့် ဘင်္ဂလားပင်လယ်အော်ကြားက ကမ်းမြောင်ဒေသတွင်တည်ရှိပြီး ရှေးရခိုင်တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသောဒေသဖြစ်သည်။ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိသည့်အတွက် မျက်စိပသာဒဖြစ်စွာ သာယာလှပသည့် ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ် တစ်ခုဖြစ်သော မုန်တိုင်းများတိုက်ခတ်မှုဒဏ်ကို မကြာခဏ ကြုံတွေ့ခံစားရလေ့ရှိသည်။

သို့သော် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးတိုင်း နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်တပ်မတော်တို့ပူးပေါင်းပြီး ရခိုင်ပြည်ကြီးကို မူလအတိုင်းသာမက မူလထက်ပိုမိုတိုးတက်မှုများဖြင့် ဆက်လက်သာယာလှပစေရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အထင်ရှားဆုံး ဥပမာတစ်ခုကို ထုတ်ပြရမည်ဆိုလျှင် အနီးစပ်ဆုံးအနေဖြင့် မကြာသေးမီကဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကို လက်ညှိုးထိုးပြရပေမည်။

သဘာဝဘေးအန္တရာယ်ဖြစ်သည့် မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်သူနှင့်တပ်မတော် လက်တွဲညီစွာ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခဲ့သည်။



အစိုးရ ပြည်သူနှင့်တပ်မတော်တို့ စိတ်တူကိုယ်တူဖြင့် ကြိုးပမ်းဆောင်ရွက်မှုများကြောင့်ယခုဆိုလျှင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများပြီးစီးမှုမှာ ၉၉ ရာခိုင်နှုန်းပင်ရှိနေပြီဖြစ်သည်။

ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်နှင့် နဖူးတွေ့၊ ဒူးတွေ့ရင်ဆိုင်ခဲ့ရသော်လည်း တွဲလက်ညီညာအောင်ကြောင်းဖြာဆိုသည့်စကားအတိုင်း ကြိုးပမ်းဆောင်ရွက်မှုများကြောင့် လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေချောမွေ့ပြီး ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားမှုများ တိုးတက်လာသည်။ ကျောင်းနေအရွယ်ကလေးငယ်များသည်လည်း ပညာရေးကိုဆုံးခန်းတိုင်အောင်သင်ယူနိုင်သည်အထိ အစစအရာရာအဆင်ပြေနေခဲ့သည်။ တစ်နည်းဆိုရလျှင် ရခိုင်ပြည်ကြီးကောင်းစားနေပြီဖြစ်သည်။

သို့သော် ရခိုင်ပြည်ကောင်းစားရေးဟုခေါင်းစဉ်တပ်ပြီး အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဖြင့် ရခိုင်ပြည်နယ်ကို အရုပ်ဆိုးအကျည်းတန်အောင် မိုက်မဲသည့်လုပ်ရပ်များကို လုပ်ဆောင်သူများကား အချိန်ကိုက်ဆိုသလို ထွက်ပေါ်လာပြန်သည်။ ထိုအဖွဲ့ကား တခြားမဟုတ်။ ULA/AA ဆိုသည့် အကြမ်းဖက်သောင်းကျန်းသူများပင်ဖြစ်သည်။

ရခိုင်တိုင်းရင်းသားတို့သည်အင်မတန်မှပင် ရိုးသားဖော်ရွေကြသည်။ ULA/AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရခိုင်တိုင်းရင်းသားတို့၏ရိုးသားဖော်ရွေမှုများကိုခုတုံးလုပ်ကာ ရခိုင်ပြည်နယ်ကိုစစ်မီးလောင်စေရန် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ပြန်လည်စတင်လုပ်ဆောင်လာသည်။

အကြမ်းဖက်သောင်းကျန်းသူ ULA/AA အဖွဲ့ကို KIA အကြမ်းဖက်သောင်းကျန်းသူများ ကြီးစိုးရာနယ်မြေ၌ ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၂၀၁၅ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ စတင်ဝင်ရောက်ကာ ပြည်နယ်အတွင်း စစ်မီးမွှေးခဲ့ခြင်းဖြစ်သည်။ စစ်မီးမွှေးသည်ဆိုသည့်အတိုင်း ULA/AA အဖွဲ့က အကြမ်းဖက်လုပ်ရပ်များကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ULA/AA အကြမ်းဖက်သောင်းကျန်းသူများက သင်းတို့၏မှားယွင်းနေသည့် လုပ်ရပ်များကို ဝေဖန်ထောက်ပြကြသည့် ရခိုင်တိုင်းရင်းသားများ၊ သင်းတို့၏လမ်းစဉ်ကို သဘောမတူ မလိုက်လိုသည့် ရခိုင်တိုင်းရင်းသားများကို အမျိုးသားသစ္စာဖောက်များဟုပင်သတ်မှတ်ပြီး ဆဲဆိုခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်းတို့ကို လုပ်ဆောင်လာခဲ့ကြသည်။

ULA/AA အကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့ကိုယ်၎င်းတို့ ရခိုင်တိုင်းရင်းသား တစ်ရပ်လုံးကိုကိုယ်စားပြုသည်ဟုဆိုသည်။ သို့သော် သင်းတို့၏လုပ်ရပ်များမှာကား ရခိုင်တိုင်းရင်းသားများနေထိုင်ရာနေရာမှာ တိုင်းတစ်ပါးသားများကို နေရာချထားပေးနေသကဲ့သို့ ဖြစ်လာသည်။ ကိုယ့်တိုင်းရင်းသားအချင်းချင်းကို အနိုင်ကျင့်နှိပ်စက်သည်။ ရခိုင်မျိုးချစ်စိတ်တွေ

စာမျက်နှာ ၂၁ သို့






**စာမျက်နှာ ၂၀ မှအဆက်**

ပျက်စီးသွားအောင်ရိုက်ချိုးသည်။ ထို့မှ တစ်ဖန် ကောင်းစားနေသည့် ရခိုင်ပြည်ကြီးကို ဖျက်ဆီးမှုများလုပ်ဆောင်သည်။ ထိုအကြမ်းဖက်သောင်းကျန်းသူများဖြစ်သည့် ULA/AA အဖွဲ့ကြောင့် ရခိုင်ပြည်ကြီး၏ မည်သည့်နေရာမှာမှ တိုးတက်မှုမရှိခဲ့ပေ။

အမှန်စင်စစ်တွင် ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုရှိအောင် လုပ်ဆောင်ပေးနေသူများမှာ အစိုးရ၊ ပြည်သူနှင့်


မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် (၂) ပတ်အကြာ ပြင်ဆင်ပြီးစီးမှုအခြေအနေ

ရှိ ရိုးသားကြိုးစားသူတောင်သူလယ်သမားများ စပါးရိတ်သိမ်းရမည့်အချိန်ဖြစ်သည်။ သို့သော် ULA/AA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တောင်သူလယ်သမားများမှာ စပါးရိတ်သိမ်းနိုင်ခြင်းမရှိဘဲ အိုးကွာအိမ်ကွာဖြင့် အတိဒုက္ခရောက်နေကြရသည်။

မိုခါမုန်တိုင်းတိုက်ခတ်စဉ်က ကျောင်းဖွင့်ရာသီဖြစ်သည့်အတွက် ကျောင်းသားများ အချိန်မီကျောင်းတက်နိုင်ရေးကို အစိုးရ၊ ပြီးရက်ပိုင်းအတွင်းမှာပင် ရခိုင်ပြည်နယ်ရှိ ကျောင်းသား၊ ကျောင်းသူများမှာ မြန်မာနိုင်ငံတစ်ဝန်းရှိကျောင်းသား၊ ကျောင်းသူများနည်းတူနောက်မကျဘဲ ပညာသင်ယူနိုင်ခဲ့သည်။

အခုတော့ "ရခိုင်ပြည်နယ်ကောင်းစားရေး"ခေါင်းစဉ်ကိုဗန်းပြပြီး တိုက်ခိုက်ဖျက်ဆီးမှုများလုပ်လာသည့် ULA/AA အကြမ်းဖက်သောင်းကျန်းသူများကြောင့် စစ်မီးတောက်လောင်ရာ နေရာများရှိ စာသင်ကျောင်းများမှာလည်း ဓားစာခံများ


မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် (၂) ပတ်အကြာ ပြင်ဆင်ပြီးစီးမှုအခြေအနေ


မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် (၂) ပတ်အကြာ ပြင်ဆင်ပြီးစီးမှုအခြေအနေ


မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် (၂) ပတ်အကြာ ပြင်ဆင်ပြီးစီးမှုအခြေအနေ


မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် (၂) ပတ်အကြာ ပြင်ဆင်ပြီးစီးမှုအခြေအနေ


မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် (၂) ပတ်အကြာ ပြင်ဆင်ပြီးစီးမှုအခြေအနေ


မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် (၂) ပတ်အကြာ ပြင်ဆင်ပြီးစီးမှုအခြေအနေ

တပ်မတော်တို့ပင်ဖြစ်သည်။ အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ကြောင့်ပင် ရခိုင်ပြည်နယ်ကောင်းစားခဲ့ရသည်။ ရခိုင်ပြည်နယ်ကြီး အခုလိုမျိုးကောင်းစားနေပြီဆိုလျှင် ULA/AAအကြမ်းဖက်သောင်းကျန်းသူများက စစ်မီးမွှေးသည်။ ထိုအကြမ်းဖက်သမားများက ယခုတစ်ကြိမ်တွင်လည်း ကောင်းစားနေသည့်ရခိုင်ပြည်ကြီးပျက်စီးစေရန် စစ်မီးမွှေးလိုက်ပြန်သည်။

ULA/AA အကြမ်းဖက်သောင်းကျန်းသူများသည် နိုဝင်ဘာလက ပလက်ဝဒေသရှိ လုံခြုံရေးစခန်းငယ်နှစ်ခုနှင့် ပေါက်တောမြို့ကို ဝင်ရောက်တိုက်ခိုက်သည့်အပြင် အင်အားနည်းသည့် ရဲစခန်းအချို့ကိုလည်း သာလွန်အင်အားများဖြင့်တိုက်ခိုက်သည်။ ရခိုင်ပြည်နယ်တောင်ပိုင်းရှိ အချို့ဒေသများတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ယာဉ်မောင်းများကိုလည်း ဖမ်းဆီးခြင်းများပြုလုပ်သည်။ သင်းတို့က ရခိုင်ပြည်နယ်မှာ စစ်မဖြစ်ဖြစ်အောင် ရည်ရွယ်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

ယခုအချိန်သည် ရခိုင်ပြည်နယ်အတွင်း ပြည်သူနှင့်တပ်မတော်တို့က ဦးစားပေးလုပ်ဆောင်ခဲ့သည်။ ကျောင်းသားများကို အမိုးအကာအောက်ရောက်အောင် ပို့နိုင်ရေးအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့ရသည်။ အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့၏ တက်ညီလက်ညီကြိုးပမ်းမှုများကြောင့် မုန်တိုင်းတိုက်ခတ်





ဖြစ်ကာ ပျက်စီးသွားရသည်။ စာသင်ကျောင်းများပျက်စီးခြင်း၊ ပညာသင်ယူနိုင်မည့်နေရာများမရှိတော့ခြင်းသည် အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာမည့်ကလေးငယ်များအတွက် အနာဂတ်မဲ့သွားခြင်းပင်ဖြစ်သည်။

အနာဂတ်တွင် ပညာသည်သာအရာရာဖြစ်လာမည်ဖြစ်သည်။ လူတစ်ဦးချင်းစီက ပညာတတ်မှသာ ရပ်ရွာ၊ ပြည်နယ်၊ တိုင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ သို့မဟုတ်ပါက လူတန်းစေ့ပင်နေနိုင်မည်မဟုတ်ပေ။ လက်ရှိအချိန်မှာဆိုရင်လည်း ကောင်းစားနေသည့်ရခိုင်ပြည်နယ်ကြီး၏ စစ်မီးတောက်လောင်မှုမရှိသည့် အချို့နေရာများမှ ကလေးငယ်များက ပညာသင်ယူနေချိန်တွင် ULA/AA အကြမ်းဖက်သောင်းကျန်းသူများကြောင့် စစ်မီးတောက်လောင်နေရသည့် နေရာများရှိကလေးငယ်များမှာ ပညာရည်နို့ကို ငတ်မွတ်နေကြရသည်။ ထိုကလေးငယ်များအတွက် အနာဂတ်ပျောက်ဆုံးသွားရသည်။ တရားခံက ULA/AA အကြမ်းဖက်သောင်းကျန်းသူများပင်ဖြစ်သည်။

ယခင်တုန်းက ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသော ရခိုင်တိုင်းရင်းသားများ အပါအဝင် ပြည်သူလူထုအပေါင်းမှာ ကိုယ့်အလုပ်ကို အေးအေးဆေးဆေးလုပ်ကာ စီးပွားကိုကောင်းစွာရှာနိုင်ကြသည်။ မြန်မာနိုင်ငံ၏ ချမ်းသာကြွယ်ဝသူများစာရင်းတွင် ရခိုင်တိုင်းရင်းသားများလည်း ပါဝင်သည်ကို အားလုံးအသိပင်ဖြစ်သည်။





**စာမျက်နှာ ၂၂ သို့**



အကြမ်းဖက်သောင်းကျန်းသူများက Drone အသုံးပြု၍ Drop Bomb ချ တိုက်ခိုက်မှုကြောင့် ပေါက်တောမြို့ မြို့မဈေးမီးလောင်မှုကိုတွေ့ ရစဉ်။

ကလည်း မြင့်တက်သည်ထက်မြင့်တက်မည်မှာ အမှန်ပင်ဖြစ်သည်။ အခုတော့ ဖြစ်လာနိုင်သည့်အခြေအနေနှင့် ဖြစ်နေသည့် အခြေအနေက ပြောင်းပြန်တွေ ဖြစ်နေပေပြီ။ ဒီလိုတွေ ဖြစ်လာအောင် ဖန်တီးသူက ULA/AA အကြမ်းဖက်သောင်းကျန်းသူများဖြစ်သည်။

သင်းတို့လုပ်လို့ ရခိုင်တိုင်းရင်းသားတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်တွေပျက်စီးရသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေပျက်စီးရသည်။ ရှေးဟောင်းအမွေအနှစ်တစ်ခု ပျက်စီးတိုင်း ရခိုင်တိုင်းရင်းသားတို့၏တန်ဖိုးတစ်ခုကျဆင်းသွားသည်ဟု ခံစားရသည်။ ဒါတွေကို မိမိအပါအဝင် ရခိုင်တိုင်းရင်းသားတစ်ရပ်လုံးက လက်မခံနိုင်ပေ။ ဒီလိုမျိုးတွေဖြစ်လာစေဖို့ လုပ်ဆောင်နေသည့် ULA/AA အကြမ်းဖက်သောင်းကျန်းသူများကိုလည်း ရခိုင်ပြည်နယ်တစ်ခုလုံးက လက်မခံနိုင်ပေ။ ဖြစ်နိုင်လျှင် သင်းတို့တစ်ဖွဲ့လုံးကို ဖောင်ပေါ်တင်ပြီး ဘင်္ဂလားပင်လယ်အော်ထဲ မျှောပစ်လိုက်ချင်သည်။

မိုခါမုန်တိုင်းတိုက်တုန်းက တို့ရခိုင်

**စာမျက်နှာ ၂၁ မှအဆက်**

အခုတော့ ULA/AA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ရခိုင်တိုင်းရင်းသားများသာမက ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးမှာ နောက်ကျောမလုံဘဲ ကျီးလန့်စာစားနေရသည့်ဘဝသို့ ရောက်မှန်းမသိ ရောက်သွားရသည်။ စီးပွားတွေလည်းမဖြစ်တော့ပေ။ ကုန်စည်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ ရပ်တန့်သွားသည်။ ဒီပုံစံအတိုင်းဆိုလျှင် ရခိုင်တိုင်းရင်းသားများမှာ ဆင်းရဲတွင်းထဲသို့ရောက်မှန်းမသိ ပြန်ရောက်ရတော့မည်။

ULA/AA အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်မီးမွှေးမှုကြောင့် ရခိုင်တိုင်းရင်းသားများသာ ဒုက္ခရောက်ရသည်မဟုတ်ဘဲ ရခိုင်မှန်လျှင် တန်ဖိုးထားကြသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များလည်း ပျက်စီးကြရသည်။ ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းအမွေအနှစ်တွေဆိုသည်မှာ အလွန်ကိုရှေးကျသည့် လက်ရာများဖြစ်သကဲ့သို့ ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ထွန်းကားခဲ့မှု၏ ပြယုဂ်တစ်ခုလည်းဖြစ်သည်။ သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်းဟုဆိုသည့်အတိုင်းများလှစွာသော ရှေးဟောင်းစေတီပုထိုးများသည် ဘိုးဘွားများထားရစ်ခဲ့သည့်သမိုင်းရဲ့အမွေအနှစ်ဖြစ်သည်။ ဒီအမွေအနှစ်တွေသည် တို့ရခိုင်တိုင်းရင်းသားတစ်ရပ်လုံးနှင့်သက်ဆိုင်သည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် ဒီအမွေအနှစ်တွေကြောင့်ပင် တို့ရခိုင်တိုင်းရင်းသားဆိုတာ တည်ရှိနေခြင်းပင်ဖြစ်သည်။



အကြမ်းဖက်သောင်းကျန်းသူများက Drone အသုံးပြု၍ Drop Bomb ချ တိုက်ခိုက်မှုကြောင့် ပုဏ္ဏားကျွန်းမြို့ မြို့မဈေးမီးလောင်မှုကို တပ်မတော်သားများနှင့်ပြည်သူလူထုက ဝိုင်းဝန်းငြိမ်းသတ်နေပုံ။

ရှေးဟောင်းအမွေအနှစ်ဆိုသည်မှာ နှစ်သက်တမ်းရှည်ကြာလေ တန်ဖိုးကပိုမိုကြီးမားလေဖြစ်သည်။ တန်ဖိုးကြီးမားမှုနှင့်အတူ ထိုအမွေအနှစ်ကိုပိုင်ဆိုင်သူများ၏တန်ဖိုးလည်း မြင့်တက်လာရမဲ့ဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်းရှိ ရှေးဟောင်းအမွေအနှစ်များမှာ ရခိုင်တိုင်းရင်းသားများအတွက် တန်ဖိုးတက်စရာပင်ဖြစ်သည်။

တကယ်လို့များ ULA/AA အကြမ်းဖက်သောင်းကျန်းသူများက စစ်မီးမမွှေးခဲ့ဘူးဆိုလျှင်၊ စစ်ကိုမဖိတ်ခေါ်ခဲ့ဘူးဆိုလျှင်၊ စစ်ပွဲတွေကိုမဖြစ်ပွားစေခဲ့ဘူးဆိုလျှင် ရခိုင်တိုင်းရင်းသားများ၏ တန်ဖိုးတိုင်းရင်းသားတွေ ဘေးအန္တရာယ်ကြုံတွေ့နေချိန် သင်းတို့က နေသာသပ လေညာကာလို နေနေသည်။ **စာမျက်နှာ ၂၃ သို့**

စာမျက်နှာ ၂၂ မှအဆက်

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ချိန်ကျတော့လည်း အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြင့် ကူညီဖို့ဝေးစွ ဒုက္ခရောက်နေရသည့် တို့ရခိုင်တိုင်းရင်းသားတွေဆီကနေ ရသလောက်အမြတ်ထုတ်သည်။

တည်ဆောက်ရေးလုပ်ငန်းများပြီးစီးလို့ တို့ရခိုင်ပြည်နယ်ကြီး ကောင်းစားချိန်ရောက်လာတဲ့အခါကျတော့ သင်းတို့က စစ်မီးမွှေးသည်။ ဒါကြောင့် ULA/AA အကြမ်းဖက်သောင်းကျန်းသူများကို



တပ်မတော်သားများက ယာယီနေရပ်စွန့်ခွာသူပြည်သူများအား ကယ်ဆယ်နေရာချထားပေးမှုကိုတွေ့ရစဉ်။




ရခိုင်ပြည်သူတိုင်း AA ကို လက်သင့်မခံကြောင်းတွေ့ရစဉ်။

ဒီနေရာကနေ စကားတစ်ခွန်းပြောချင်သည်။ "မင်းတို့ကောင်းအောင်မလုပ်နိုင်ရင်တောင်မှ သူများတကာက ကောင်းအောင် လုပ်ထားတာကိုမဖျက်ဆီးပါနဲ့" ဟုသာ။

ULA/AA အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်သည် လူလုပ်ဘေးအန္တရာယ်ဖြစ်သည်။ ဒီဘေးကြောင့် လူ့အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများပါ ပျက်စီးစေပြီး ရခိုင်တိုင်းရင်းသားများမှာ သေနတ်သံများ၊ ယမ်းငွေ့များကြားပြေးလွှားနေရသည့်ဘဝကို ရောက်ရှိရသည်။

သဘာဝဘေးအန္တရာယ်သည် နာရီပိုင်းမျှသာကြာပြီး ဖြစ်ပေါ်ခဲ့သောပျက်စီးမှုများကို လပိုင်းအတွင်းပြန်လည်တည်ဆောက်နိုင်သော်လည်း ULA/AA အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာမိုက်မဲလှသော လူလုပ်ဘေးအန္တရာယ်သည် ရက်ပေါင်းများစွာ၊ လပေါင်းများစွာကြာစေနိုင်သောကြောင့် ပျက်စီးဆုံးရှုံးမှုများမှာလည်း အလွန်ကြီးမားမည်ဖြစ်သည်။ သင်းတို့အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ရှိနေသေးသမျှကာလပတ်လုံး တို့ရခိုင်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများလည်းရှိနေဦးမည်ဖြစ်သလို ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများသည်လည်း နာလန်ထူနိုင်မည်မဟုတ်ဘဲ ရခိုင်ပြည်နယ်၏အနာဂတ်မှဲ့ကာ ဖွံ့ဖြိုးတိုးတက်မှုပျောက်ဆုံးသွားမည်ဖြစ်သည်။

မိမိအနေဖြင့် ULA/AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကို မေးချင်သည်။ "ဘယ်လိုအကြောင်းပြချက်နဲ့ အခုလိုမျိုးစစ်မီးမွှေးရတာလဲ။ မျိုးဆက်သစ်ရခိုင်တိုင်းရင်းသားများကို ဘယ်လိုအမွေအနှစ်တွေပေးခဲ့ချင်လို့လဲ။ ပြာပုံအတိနဲ့ ဒုက္ခပင်လယ်ဝေနေတဲ့ ရခိုင်ပြည်နယ်ကို လက်ဆင့်ကမ်းစေချင်တာလား" ဟူ၍ဖြစ်သည်။

ရခိုင်ပြည်နယ်ကြီး ကောင်းစားရေးအတွက်ဆိုလျှင် သင်းတို့အဖွဲ့ရခိုင်မြေပေါ်က ပျောက်ကွယ်သွားပေးပါ။ သင်းတို့သာပျောက်ကွယ်သွားလျှင် ရခိုင်ပြည်ကြီးကောင်းစားပါပြီ။ ယဉ်ကျေးမှုအမွေအနှစ်များကိုတော့ အကောင်းအတိုင်းချန်ထားခဲ့ပေးပါ။ တို့တွေအနေနဲ့ သာယာစည်ပင်ဝပြောတဲ့ ရခိုင်ပြည်ကြီးကို မျိုးဆက်သစ်ရခိုင်တိုင်းရင်းသားများအား လက်ဆင့်ကမ်းအမွေပေးခဲ့ပါမည်။

တို့ရခိုင်ပြည်သည် သင်းတို့ ULA/AA အကြမ်းဖက်သောင်းကျန်းသူများမပေါ်ပေါက်ခင်က အင်မတန်မှအေးချမ်းပြီး အလွန်နေချင်စဖွယ်ကောင်းသည့်နေရာဖြစ်သည်။ စီးပွားရေးတွေ ကောင်းသလို တို့ရခိုင်တိုင်းရင်းသားတစ်ဦးချင်းစီ၏ တန်ဖိုးများကလည်း မြင့်တက်ရသည်။ သင်းတို့တွေပေါ်ပေါက်လာပြီးနောက် တို့ရခိုင်ပြည်နယ်မှာ ယမ်းခိုးတွေဝေခဲ့ရသည်။

လူငယ်တွေ အနာဂတ်ပျောက်ခဲ့ရသည်။ သင်းတို့မရှိမှသာ တို့ရခိုင်မြေမှာ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကိုမြင်ရမည်ဖြစ်သည်။ ဒီအတွက်ကြောင့် သဇင်ပန်းတွေ မကြွေစေချင်တဲ့ တို့အပါအဝင် ရခိုင်တိုင်းရင်းသားအားလုံးက ULA/AA အကြမ်းဖက်သောင်းကျန်းသူများကို ရခိုင်မြေမှာမတွေ့ချင်သည့်အတွက် ဘယ်သောအခါမျှ ပြန်မလာခဲ့ပါနှင့် ULA/AA အကြမ်းဖက်သောင်းကျန်းသူများဟုသာဆိုချင်ပါတော့သည်။ ။

# အလုံးစုံပျက်သုဉ်းရေးကိုလုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ရှုတ်ချပွဲ ရန်ကုန်မြို့၌ ပြုလုပ်



မြန်မာ့အမျိုးသားရေးကွန်ရက်အဖွဲ့က ဦးဆောင်ပြီး အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသောအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ရှုတ်ချပွဲ ရန်ကုန်မြို့၌ ပြုလုပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာ့အမျိုးသားရေးကွန်ရက်အဖွဲ့က ဦးဆောင်ပြီး "အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ရှုတ်ချပွဲ"ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလ ပန်းခြံဘေး ယာဉ်ရပ်နားကွင်း၌ ပြုလုပ်ခဲ့ကြသည်။

ဦးစွာ အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ နိုင်ငံတော်သီချင်းအား သံပြိုင်သီဆိုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်ရင်း ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊နိုင်ငံ့ဝန်ထမ်းများ၊ပြည်သူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ဂါရဝပြုခဲ့ကြသည်။

ထို့နောက် အမျိုးသားရေးတက်ကြွလှုပ်ရှားသူတစ်ဦးက နိုင်ငံတော်အတွင်း အချို့သောဒေသများ၌ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူအသုံးပြုနေသည့် လမ်းတံတားများကို ဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များနှင့် ဆက်သွယ်ရေးတာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားပေးရုံများကို ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုများဆုံးရှုံးကာ ကုန်စည်ကူးသန်းရောင်းဝယ်ရေးများတွင် အခက်အခဲများကြုံတွေ့နေရပြီး ဒေသခံပြည်သူလူထုတို့၏ အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အကြမ်းဖက်မှုများ ပပျောက်ချုပ်ငြိမ်းစေရေး တည်ငြိမ်အေးချမ်းစွာဖြင့် မိမိတို့၏ ဆန္ဒများကို ယခုကဲ့သို့ ဖော်ထုတ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများက "နိုင်ငံတော်အားကာကွယ်ရေး- တို့ပြည်သူအားလုံးပါဝင်ပေး၊ အလုံးစုံပျက်သုဉ်းရေး လုပ်ဆောင်နေတဲ့ အကြမ်းဖက်လုပ်ရပ်များ - အလိုမရှိ၊ မြန်မာပြည်တွင်းရေးကို နောက်ကွယ်မှ ဝင်ရောက်စွက်ဖက်နေသည့် နိုင်ငံများအား- ဆန့်ကျင်ကြ၊ နောက်ကွယ်ကနေ အကြမ်းဖက်အားပေးလုပ်ရပ်များ - ချက်ချင်းရပ်၊တို့နိုင်ငံပျက်စီးအောင် အဖျက်သမားအားပေးနိုင်ငံများ - အလိုမရှိ" အစရှိသည့် ကြွေးကြော်သံကို ကြွေးကြော်ခဲ့ကြသည်။

အဆိုပါ အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ရှုတ်ချပွဲကို မြန်မာ့အမျိုးသားရေးကွန်ရက်အဖွဲ့က ဦးဆောင်ပြီး အမျိုးသားရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးပါတီဝင်များ၊ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်သည့် ပြည်သူများ ပူးပေါင်းပါဝင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# မုန်းမြို့ နယ်မြေခံတပ်ရင်းသို့ လာရောက်တိုက်ခိုက်သည့် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်း



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသည့် မုန်းမြို့ရှိ နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး တပ်ရင်းအဝင်ဂိတ်ရှေ့၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသည့် မုန်းမြို့ရှိ နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အရာရှိရိပ်သာရှေ့၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းမြို့ရှိ နယ်မြေခံတပ်ရင်းများနှင့်မြို့ဝင်သံတံတားတို့ကို KNLAနှင့်PDFအမည်ခံ အကြမ်းဖက်သမားများက အင်အား ၁၅၀၀ ခန့်ဖြင့် တိုက်ခိုက်ခဲ့ပြီး မုန်းမြို့ကို ဒီဇင်ဘာ ၃ ရက်တွင် သိမ်းပိုက်နိုင်ခဲ့ကြောင်း ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်လုပ်ကြံ၍ သတင်းအမှားများ ဖြန့်ချိဝါဒဖြန့်လျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဒီဇင်ဘာ ၃ရက်နံနက်ပိုင်းကစ၍ မုန်းမြို့ရှိ နယ်မြေခံတပ်ရင်း တစ်ရင်းကို သာလွန်အင်အားဖြင့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်ရင်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများက စနစ်တကျ ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ ထိတွေ့တိုက်ပွဲများ ဒီဇင်ဘာ ၄ရက် မွန်းလွဲပိုင်းအထိ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ အကြမ်းဖက်သမားများအနေဖြင့် ထိခိုက်ကျဆုံးမှုများပြားသော်လည်း အင်အားထပ်မံဖြည့်တင်း၍ တိုက်ခိုက်လာသည့်အတွက် ညနေပိုင်းတွင် မိသားစုဝင်များ ဘေးအန္တရာယ်ကင်းရှင်းစေရေး သင့်လျော်သည့်နေရာသို့ နည်းဗျူဟာအရခေတ္တဆုတ်ခွာခဲ့ရပြီး အဆိုပါမိသားစုများကို လုံခြုံစိတ်ချရသည့်နေရာသို့ လေကြောင်းအကူအညီဖြင့် စနစ်တကျပြောင်းရွှေ့ပေးခြင်းများဆောင်ရွက်ခဲ့ရသည်။


အဆိုပါ အကြမ်းဖက်သမားများဝင်ရောက်တိုက်ခိုက်ခဲ့သည့်နေရာသို့တပ်မတော်စစ်ကူစစ်ကြောင်းများ ဖြည့်တင်း၍ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ရယူကာ ယနေ့ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် စနစ်တကျစုဖွဲ့လျက်ပြန်လည်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ အကျအဆုံးများစွာဖြင့် မွန်းလွဲပိုင်းတွင်မြို့၏မြောက်ဘက်နှင့် အရှေ့ဘက်သို့ဖရိုဖရဲဖြင့် ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်သမားများ ခေတ္တဝင်ရောက်နေရာယူထားသည့် နယ်မြေခံတပ်ရင်းကို တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ကာ မုန်းမြို့အတွင်းလုံခြုံရေးလုပ်ငန်းများ ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများထံမှ အလောင်း၊ လက်နက်အချို့သိမ်းပိုက်ရရှိခဲ့ပြီး တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ခေတ္တတိမ်းရှောင်စဉ်ထပ်မံထိတွေ့မှုဖြစ်ခဲ့သည့် အရာရှိ၊ စစ်သည်အချို့နှင့် မြို့တွင်းနေရဲမေအချို့တို့ အကြမ်းဖက်သမားများ၏ ဖမ်းဆီးခြင်းခံရကာ အချို့အရာရှိ၊ စစ်သည်၊ ရဲမေများ ပြန်လည် လွတ်မြောက်ရေးအတွက်လည်း တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

ထို့ပြင် အကြမ်းဖက်သမားများသည် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်း အဆိုပါ နယ်မြေခံတပ်ရင်းကို တိုက်ခိုက်ချိန်နှင့် တစ်ပြိုင်တည်းတွင် အခြားနယ်မြေခံတပ်ရင်းအား အဝေးမှနှောင့်ယှက်ပစ်ခတ်၍လည်းကောင်း၊ ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ သံတံတားလုံခြုံရေးစခန်းကို ဝင်ရောက်တိုက်ခိုက်၍လည်းကောင်း၊ မြို့မရဲစခန်းကို ဝင်ရောက်တိုက်ခိုက်၍လည်းကောင်းစစ်ကူမလာရောက်နိုင်စေရေး ထိန်းချုပ်နှောင့်ယှက်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ မြို့တွင်းလုံခြုံရေးဆောင်ရွက်သည့် တပ်မတော်စစ်ကြောင်းနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် ထိခိုက်ဒဏ်ရာရရှိမှုများစွာဖြင့် ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ သို့သော် အကြမ်းဖက်အားပေးတရားမဝင်မီဒီယာများအနေဖြင့် ဒီဇင်ဘာ ၃ ရက်တွင် မုန်းမြို့ရှိ တပ်ရင်းများကိုလည်းကောင်း၊ မြို့ဝင်သံတံတားနှင့် မုန်းမြို့တို့ကိုလည်းကောင်း အင်အား ၁၅၀၀ ခန့်ဖြင့် သိမ်းပိုက်နိုင်ခဲ့ကြောင်း သတင်းအမှားများ လုပ်ကြံထုတ်လွှင့်၍ ပြည်သူလူထုစိုးရိမ်ကြောက်ရွံ့စေရန်နှင့် ဒေသတည်ငြိမ်မှုပျက်ပြားစေရန် ဖန်တီးခဲ့ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အကြမ်းဖက်အားပေးတရားမဝင်မီဒီယာများ၏ လုပ်ကြံသတင်းအမှားများအပေါ် တိုင်းရင်းသားပြည်သူများ သတိပြုနိုင်ရန်နှင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသတည်ငြိမ်အေးချမ်းရေးအတွက်လိုအပ်သည့်ပြန်လည်တုံ့ပြန်တိုက်ခိုက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။






အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသည့် မုန်းမြို့ရှိ နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး တပ်ရင်းရုံးရှေ့၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "@Mgshine37" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးဘိုကျေးရွာနေ ဇဇဝင်း(ခ)ရှိုင်းလင်းအောင်(ခ)ဂူဂူအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ "TunNaing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၅) ရပ်ကွက်နေ ထွန်းနိုင်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။


ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ပျော်ရွှင်ဆင်နွှဲတန်ဆောင်တိုင်ပွဲ"** ခေါင်းစဉ်ဖြင့် ၆-၁၂-၂၀၂၃ရက်**(ယနေ့)**မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမျိုးသားနေ့အနှစ်သာရများကို ဖော်ဆောင်ကြစေရေး"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေး လိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၈၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာရှိ မင်္ဂလာဆောင်ပွဲကို Drop Bomb များဖြင့်ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ နှစ်ဦးသေဆုံးကာ အသက် ခုနစ်နှစ်အရွယ်ကလေးငယ် နှစ်ဦးအပါအဝင် ဒေသခံပြည်သူ ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိ

PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့နယ်၊ ပန်းရုံကျေးရွာရှိ မင်္ဂလာဆောင် နေအိမ်သို့ Drop Bomb များပစ်ချတိုက်ခိုက်ခဲ့သည့်နေရာပြပုံ




**နေပြည်တော် ဒီဇင်ဘာ ၅**

PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ၎င်းတို့အဖွဲ့အား ထောက်ခံအားပေးမှုမရှိသည့် မြို့နယ်များအတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သားပြည်သူများသွားလာရာ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နေထိုင်ရာရပ်ကွက်၊ ကျေးရွာများသို့ လက်နက်ကြီး၊ Drop Bompများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာရှိ ဦးလင်းမောင်၏နေအိမ်၌ ဒီဇင်ဘာ ၄ ရက်တွင် မင်္ဂလာဆောင်ပွဲပြုလုပ်နေစဉ် ညနေ ၃ နာရီခွဲတွင် PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းကျေးရွာ၏ တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာရှိ ကျောက်မြင့်ကျေးရွာဘက်မှနေ၍ Drone များအသုံးပြုကာ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဗုံးသီးကျရောက်ပေါက်ကွဲခဲ့ရာ မင်္ဂလာဆောင်သို့ရောက်ရှိနေသည့်အပြစ်မဲ့ဒေသခံပြည်သူအမျိုးသမီး နှစ်ဦးသေဆုံးပြီး အသက် ခုနစ်နှစ်အရွယ်ကလေးငယ် နှစ်ဦးအပါအဝင်စုစုပေါင်း ၁၃ဦးဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ ဒဏ်ရာရရှိခဲ့သူများကို ရွှေဘိုမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်သောလုပ်ရပ်များကို ဒေသခံပြည်သူများအနေဖြင့် လွန်စွာမုန်းတီးရွံ့ရှာလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၅**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေး အဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား အမျိုးသား ၉၂ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၀၄ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ယခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၅ ရက်ထိ တရုတ်နိုင်ငံသား အမျိုးသား ၉၉၆၂ ဦး၊ အမျိုးသမီး ၁၂၂၀ ဦး စုစုပေါင်း ၁၁၁၈၃ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများကိုစိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ကောလင်းမြို့နှင့် အင်းတော်မြို့တို့၌ Non-CDM ဝန်ထမ်းများအလင်းဝင်ဟု ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြန့်ဝေလျက်ရှိ







**နေပြည်တော် ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် အင်းတော်မြို့နယ်မှ Non-CDM ဝန်ထမ်းများကို အလင်းဝင်ရန် အမိန့်ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်း ပညာရေးဝန်ထမ်းများအပါအဝင် Non-CDM ဝန်ထမ်းများ အလင်းဝင်ရောက်ခဲ့သည်ဟုပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတုသတင်းမှားများ ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် အင်းတော်မြို့နယ်တို့၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူများ၏ ဖြေကြားချက်အရ မဟုတ်မှန်ကြောင်း၊ မိမိတို့အနေဖြင့် တာဝန်ကျရာဌာနများတွင် ပုံမှန်အတိုင်း တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ သတင်းအမှားသာဖြစ်ကြောင်းနှင့် တရားမဝင် အဖွဲ့အစည်းဖြစ်သည့် NUG မှ Non-CDM ဝန်ထမ်းများ အလင်းဝင်ရောက်ကြရန်ဟုကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်း နိုင်ငံ့ဝန်ထမ်းများကို CDM ပြုလုပ်ရန် လက်နက်အားကိုးဖြင့် အဓမ္မခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ဖိအားပေးခြင်းတို့ကိုလုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံ့တာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာလုပ်ကိုင်၊ နေထိုင်လိုကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအားအကြမ်းဖက်မှုလုပ်ရပ်များကိုအားပေးလှုံ့ဆော်နေသည့် တရားမဝင်ပြည်ဖျက်မီဒီယာများက ထိုသို့ စိုးရိမ်ထိတ်လန့်ဖွယ်ရာ ကောလာဟလသတင်းများရေးသားဖြန့်ဝေခြင်းသာဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# မော်လမြိုင်မြို့ အခြေစိုက် တိုင်းစစ်ဌာနချုပ်ရှိ ရဟတ်ယာဉ်ထားရှိသည့်နေရာကို ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်သဖြင့် ရဟတ်ယာဉ်များထိခိုက်ပျက်စီးသွားကြောင်း ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ အခြေစိုက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ ရဟတ်ယာဉ်ထားရှိရာနေရာကို ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ရဟတ်ယာဉ်များထိခိုက်ပျက်စီးမှုရှိသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများတွင် လူမှုကွန်ရက်စာမျက်နှာပေါ်တွင်မဟုတ်မမှန် ရေးသားဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်တွင် အကြမ်းဖက်သမားများက ဒရုန်းဖြင့် ရမ်းသန်းတိုက်ခိုက်ထွက်ပြေးသွားကြောင်း၊ လူ၊ အဆောက်အအုံနှင့် ဝေးကွာသောနေရာတွင်ကျရောက်ခဲ့ပြီး လူ၊ အဆောက်အအုံနှင့်ယာဉ်များထိခိုက်မှုမရှိကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရှိရသည်။

အကြမ်းဖက်သမားက မြို့ရွာများကို အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်လာပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေချိန်၌ မြို့ပြများတွင် အေးချမ်းတည်ငြိမ်နေသည်ကို မလိုလားသည့်တရားမဝင်ပြည်ဖျက်မီဒီယာအချို့က မီဒီယာကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းမှုမရှိဘဲ မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဘိုကလေးမြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ နိုဝင်ဘာလအတွင်း မွေးမြူရေးအသားစားကြက်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဘိုကလေး ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ နိုဝင်ဘာလအတွင်း မွေးမြူရေးအသားစားကြက်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းရီက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ အောက်တိုဘာလအတွင်းက မွေးမြူရေးအသားစားကြက်ပိသာချိန် ၄၁၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ မွေးမြူရေး အသားစားကြက်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသမှာ အသားစားကြက်မွေးမြူရေးလုပ်ငန်းလုပ်တဲ့သူတွေ တော်တော်များများ ရှိပါတယ်။ ဒေသထွက်ကုန်ကြက်တွေကို ဒေသဈေးကွက်အပြင် မော်လမြိုင်ကျွန်းမြို့နယ်ဘက်ကို တင်ပို့ရောင်းချပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ဘက်ကို နိုဝင်ဘာလအတွင်းက ကြက်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်း မြို့နယ်ဘက်မှာ လက်ရှိ အသားစားကြက်တွေ မွေးမြူနှုန်း လျော့နည်းလာပြီး အထွက်နှုန်း ကျဆင်းလာလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်။ တင်ပို့ရောင်းချရတဲ့ လမ်းကြောင်းကလဲ ကောင်းပါတယ်"ဟု ဘိုကလေးမြို့နယ် ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းရီက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ တင်ပို့ရောင်းချခဲ့သည့် မွေးမြူရေးအသားစားကြက်ပိသာချိန် ၁၀၀ လျှင် ငွေကျပ် ၈၅၀၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါကြက်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၁၃၀၀ မှ ၁၅၀၀ ထိ ဈေးပေးဝယ်ယူမွေးမြူရကြောင်း၊ ကြက်စပ်စာမှာလည်း တစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၃၁၄၃ ဧက စိုက်ပျိုးပြီးစီး

**မော်လိုက် ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၃၁၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်ဧက ၇၅၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မော်လိုက်ခရိုင်မှာ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲပုပ်ဧက ၇၅၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ပဲပုပ် ၃၁၄၃ ဧကထိ စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ကေပြည့်မီစွာစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ပညာပေးတာတွေလဲ ဆောင်ရွက်နေပါတယ်။ လိုအပ်တဲ့မျိုးစေ့ရရှိဖို့ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ပဲပုပ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၁၁၅ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ၃၀၂၈ ဧက စုစုပေါင်း ၃၁၄၃ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၃၆၃ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ၇၁၈၇ ဧက စုစုပေါင်းဧက ၇၅၅၀ ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ပဲပုပ်စိုက်ခင်းကို တွေ့ရစဉ်။

မော်လိုက်ခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲပုပ်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ မော်လိုက်မြို့နယ်တွင် ၂၉၈ ဧကနှင့် ဖောင်းပြင်မြို့နယ် တွင် ၇၁၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ဇေယျာသီရိမြို့နယ် ပေါက်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ကုန်းကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်းနှင့် ချေးငွေထုတ်ချေးပေးခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၅၈ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များက ပေါက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၆၄ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၅ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၃၅၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဘ်လူး**

## ကိုယ်လက်လှုပ်ရှား ကစားစို့

- နှင်းမှုန်ဖြန့်ထွေး အေးစိမ့်ဖြာ
ဟေမန်ဆောင်းလ ဒီဇင်ဘာ
ကြုံခိုင်ကျန်းမာ လန်းဖြာရေး
ကိုယ်လက်လှုပ်ရှား ကစားပေး။

- မနေးယှဉ်တွဲ လမ်းလျှောက်ပါ
ထူးခြားအကျိုး များစေမှာ
နေ့စဉ်တိုင်းသာ ပြုကျင့်သွား
"ကိုယ်လက်လှုပ်ရှား" ဆေးတစ်ပါး။

- စိတ်နေပေါ့ပါး လန်းရွှင်ကြည်
ကိုယ်ခံစွမ်းအား မြင့်စေမည်
နာတာရှည်မှ ဆီးချိုထိ
သွေးတိုး နှလုံး မကျန်ဘိ။

- စိတ်စွမ်းရည်ပြည့် အားသစ်မြိုင်
ရောဂါကင်းပ ဝေးကွာနိုင်
သန်စွမ်းကြံ့ခိုင် နုပျိုမှု
သက်တမ်းရှည်ရေး ထောက်ကူပြု။

- လူထုလှုပ်ရှား အခြေခံ
တစ်မျိုးသားလုံး ကျန်းမာရန်၊
နိုးကြားထက်သန် ကြွားဝင့်ဖို့
အားလုံးပါဝင် နွဲယှဉ်လို့
"ကိုယ်လက်လှုပ်ရှား" ကစားစို့။

**ခိုင်ခိုင်နွယ်(ပညာရေး)**

# စလင်းမြို့နယ် လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်းသိပ်သည်းမှုတိုင်းတာစစ်ဆေး

**စလင်း ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်း သိပ်သည်းမှုတိုင်းတာခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းတိုင်းတာစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်စုစန္ဒာနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် တော်ဝင်ထွန်း(ဆင်ဖြူကျွန်း) ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ကုန်ထုတ်လမ်းအရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မ အောက်ခံလွှာကျောက်ရောမြေခင်းခြင်းနှင့် မြေနီကျောက်စရစ် လမ်းခင်းခြင်းလုပ်ငန်းကို သတ်မှတ်အရည်အသွေးပြည့်မီမှုရှိ၊ မရှိ သိရှိနိုင်ရန်အတွက် လမ်း၏ သိပ်သည်းမှု တိုင်းတာခြင်းကို စနစ်တကျဆောင်ရွက်ပြီး ဦးစီးအရာရှိ(နည်းပညာ)က ကုမ္ပဏီတာဝန်ခံကို ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာလမ်းကော်မတီထံ စနစ်တကျလုပ်ငန်းလွှဲပြောင်းအပ်နှံရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၁ ဒသမ ၃ သန်းဖြင့် လက်ပကန်ကျေးရွာကုန်ထုတ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို တော်ဝင်ထွန်း(ဆင်ဖြူကျွန်း) ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန် ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ပြီးစီးမှုကြောင့် လက်ပကန်ကျေးရွာရှိ လယ်ယာစိုက်ပျိုးဧက ၅၀၀ မှ ထွက်ရှိသော ဒေသထွက်ကုန်သီးနှံမျိုးစုံကို ရာသီမရွေး ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။ **အထွေး**

# မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၆၉၁၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၆၉၁၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၆၉၁၃ ဧကကို ဒီဇင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ငရုတ်သီးနှံများကို မြောင်းမြမြို့နယ်တွင် ၄၇၉၁ ဧက၊ အိမ်မဲမြို့နယ်တွင် ၂၈၇၁ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၉၂၅၁ ဧက စုစုပေါင်း ၁၆၉၁၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်အတွက် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ခရိုင်တစ်ခုလုံး အနေနဲ့ ငရုတ် ၁၆၉၁၃ ဧက လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ငရုတ်တွေ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လုပ်ဆောင်နေပါတယ်။ ငရုတ်အပါအဝင် စိုက်ပျိုးသွားမဲ့ ဆောင်းသီးနှံတွေမှာလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ အသိပညာပေး၊ နည်းပညာပေးလုပ်ငန်းတွေ ဆောင်းသီးနှံတွေ မစိုက်မီ ကြိုစီမံဆောင်ရွက်ပေးနေပါတယ်။ ဆက်လက်ပြီးလဲ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် စိုက်ပျိုးသွားမည့် ငရုတ်သီးနှံများအပါအဝင် ဆောင်းသီးနှံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ ဖြစ်ထွန်းအောင်မြင်စေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ အရည်အသွေးကောင်းမွန်စေရန်၊ အထွက်နှုန်းကောင်းမွန်စေရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများနှင့်ပူးပေါင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ညြဇာခြံကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ယာကြီးကုန်းကျေးရွာအုပ်စု ညြဇာခြံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ညြဇာခြံကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

မလှိုင်မြို့နယ် ညြဇာခြံကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၃၉၇၀၀၀ ဖြင့် ကျေးရွာတွင်းလမ်းအရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်ခိုး(မလှိုင်)**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၅၃၀ စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၅၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၉၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၅၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မြေပဲဧက ၁၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၅၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးမြေပဲထက် ဆောင်းမြေပဲကို အများစုစိုက်ပျိုးကြတာဖြစ်ပါတယ်။ တောင်သူတွေ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပြီး သီးထပ်သီးညှပ်စိုက်ပျိုးကြဖို့ ဆွေးနွေးလျက်ရှိပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ဆောင်းမြေပဲစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး စသည့် စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် မြေပဲ ၆၅၅၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ မြေပဲ ၁၄၂၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# အောင်လံမြို့နယ် ငမဲကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငမဲကန်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နန္ဒာအိက အမှာစကားပြောကြားသည်။

ဆက်လက်၍ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများ သတ်မှတ်ရက်အတွင်း အချိန်မီ ပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၀၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငမဲကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၂ ဦးတို့ကို ရန်ပုံငွေကျပ် ၄၀၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မြူလေး**



# ငပဲမြို့နယ် ရှောက်ဝကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ငဖဲ ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဇီးတောကျေးရွာအုပ်စု ရှောက်ဝကျေးရွာတွင် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် အတူ ရှောက်ဝကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ရှောက်ဝကျေးရွာ၌ အလျားပေ ၄၀၊ အနံ ၃၅ ပေ၊ အမြင့် ၁၂ ပေ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၁ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။ **ဝင်းမာ**

# အမျိုးသားအောင်ပွဲနေ့မှတ်စုများ

**မောင်လူခ(ပခုက္ကူ)**

"အမျိုး၏ဂုဏ်ကို မဖျက်ပါလင့်။ မြန်မာတို့၏ ဦးခေါင်းနှင့်တူသောငါသည်၊ စစ်တလင်း၌ ပျက်စီးခြင်းသို့ ရောက်ငြားလည်း၊ အမြီးနှင့်တူသော ငါ၏မြန်မာလူမျိုးတို့ လှုပ်ရှားလုပ်ကြံ ထူထောင်ချိမ့်မည်ဟု ငါယုံကြည်သည်။"

**(အလောင်းဘုရား ဦးအောင်ဇေယျ၊ အေဒီ ၁၀၇၆-၁၁၂၂)**

၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်)သည် ၁၀၃ နှစ်မြောက် အမျိုးသားနေ့ဖြစ်သည်။ အမျိုးသားနေ့သည် နယ်ချဲ့ဗြိတိသျှအစိုးရ၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ကြသော ကောလိပ်ကျောင်းသားများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုနေ့မှာ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ဖြစ်သည်။ အဆိုပါကောလိပ်ကျောင်းသားများသပိတ်သည် အမျိုးသားပညာရေးလှုပ်ရှားမှုသာမက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းအားထုတ်မှုကို တပ်လှန့်နိုးဆော်ပေးသည်။

အမျိုးသားရေးစိတ်ဓာတ်ဆိုသည်မှာ မိမိနိုင်ငံနှင့် လူမျိုးအကျိုးစီးပွားအတွက် သယ်ပိုးဆောင်ရွက်လိုသည့်စိတ်ဓာတ်ဖြစ်၏။ နိုင်ငံနှင့်လူမျိုးအကျိုးကိုဖိနှိပ်လာလျှင် ခေါင်းငုံ့မခံဘဲ တွန်းလှန်တော်လှန်ရဲသော စိတ်ဓာတ်ဖြစ်သည်။

မြန်မာတိုင်းရင်းသား ပြည်သူလူထုအပေါင်းသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲတစ်လျှောက်လုံးတွင် အနိုင်မခံအရှုံးမပေးသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အချင်းချင်းရိုင်းပင်းကူညီမှု၊ ကိုယ်ကျိုးစွန့်မှုတို့ကို အရင်းတည်ကာ နိုင်ငံလွတ်လပ်ရေးအတွက် တိုင်းရင်းသားများအားလုံး ညီညွတ်မှုဖြင့် ရယူနိုင်ခဲ့သည်။

အမျိုးသားနေ့ဖြစ်ပေါ်လာပုံမှာ ဤသို့ဖြစ်၏။ ထိုကာလက မြန်မာပြည်ဘုရင်ခံချုပ် ဆာဂျိုနယ်ကရက်ဒေါက်သည် မြန်မာတိုင်းရင်းသားများ၊ တက္ကသိုလ်ကျောင်းသားလူငယ်များနှင့် ဂျီစီဘီအေအသင်းတို့ ကန့်ကွက်နေသည့်အတွင်းတွင်ပင် ပညာသင်ရေးကို ဖိနှိပ်ချုပ်ချယ်သော ယူနီဗာစီတီအက်ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက်တွင် ပြဋ္ဌာန်းလိုက်၏။ ဒီဇင်ဘာ ၁ ရက်တွင် အာဏာတည်စေခဲ့၏။ တက္ကသိုလ်ကျောင်းဖွင့်ပွဲကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပရန် ကြေညာခဲ့သည်။

ဤသို့ ပြဋ္ဌာန်းလိုက်သည့် ဥပဒေကြမ်းတွင် မြန်မာကျောင်းသားလူငယ်တို့ တက္ကသိုလ်ပညာသင်ကြားရေးတွင် အခက်အခဲများတွေ့စေမည့် ကန့်သတ်ချုပ်ချယ်မှုများ ပါဝင်နေသည်။ ပြဋ္ဌာန်းလိုက်သော ပညာရေးစနစ်သည် နယ်ချဲ့တို့၏အုပ်ချုပ်ရေးကဏ္ဍတွင် လိုအပ်မည့်ဝန်ထမ်းများ ခန့်အပ်ရန်သာရည်ရွယ်ခြင်း၊ အထက်တန်းပညာသင်ကြားခွင့်ကို ချုပ်ချယ်ခြင်း၊ ငွေကြေးအင်အားကောင်းသည့်လူတန်းစားအတွက်သာ ရည်ရွယ်ခြင်း၊ ကျောင်းအုပ်ချုပ်ရေးတွင် ဖိနှိပ်ချုပ်ချယ်မှုများပါဝင်ခြင်း စသည်တို့ကြောင့် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားကြီး ၁၁ ဦးသည် သပိတ်မှောက်ကြရန် ရွှေတိဂုံဘုရားကုန်းတော်စနေထောင့်၌ လျှို့ဝှက်တိုင်ပင်ခဲ့ကြသည်။ ထိုနေ့မှာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက်ဖြစ်၏။

ဒီဇင်ဘာ ၄ ရက်တွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသားများစုဝေးကာ ထိုဥပဒေကို ဆန့်ကျင်သပိတ်မှောက်ရန် ညှိနှိုင်းတိုင်ပင်ခဲ့ကြသည်။ သပိတ်မှောက်ရေးဆောင်ရွက်ရန် ၂၆ ဦးကော်မတီဖွဲ့ခဲ့ကြ၏။ ၂၆ ဦးကော်မတီသည် အခြေအနေကိုသုံးသပ်ကာ ဒီဇင်ဘာ ၅ ရက်တွင် သပိတ်မှောက်ခဲ့သည်။ လိုလားချက်ကို ရဲရဲဝံ့ဝံ့တောင်းဆိုခဲ့ကြသည်။ သပိတ်မှောက်ကျောင်းသားများကို မြို့နေလူထုက ထောက်ပံ့ကူညီခဲ့ကြသည်။

မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေ စသောမြို့ကြီးများ၌လည်း လူထုအစည်းအဝေးပွဲများ ကျင်းပကာ ထိုဥပဒေကို ကန့်ကွက်သပိတ်မှောက်ခဲ့ကြသည်။ မြန်မာတိုင်းရင်းသားတို့၏ အမျိုးသားရေးစိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန်တို့ကို အထင်အရှားပြသနိုင်ခဲ့ကြသည်။

တက္ကသိုလ်ပညာရေးစနစ်ကို မကျေနပ်သောကြောင့် ကန့်ကွက်ဆန္ဒပြခဲ့ကြ၏။ ကိုလိုနီပညာရေးစနစ်ကိုဆန့်ကျင်သည့် လှုပ်ရှားမှုအဖြစ်သို့ ဦးတည်ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုအဖြစ်သို့ ဦးတည်နိုင်ခဲ့သည်။

ဤသို့ အမျိုးသားရေးစိတ်ဓာတ်နှင့် ဝံသာနုရက္ခိတတရားများ နိုးကြားစေခဲ့သော ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက် (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် ၁၉၂၁ ခုနှစ် မန္တလေးမြို့၌ ကျင်းပခဲ့သော ဂျီစီဘီအေအသင်းချုပ်ကြီး၏ နဝမအကြိမ်မြောက် အစည်းအဝေးကြီးက ဆုံးဖြတ်ခဲ့သည်။ ထိုမှနှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်သို့ ရောက်ရှိတိုင်း အမျိုးသားနေ့အဖြစ် ကျင်းပခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို မကျေနပ်သည့်အချက်များစွာအနက် အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ရန်ကုန်တက္ကသိုလ်သည် အင်္ဂလန်နိုင်ငံရှိ အောက်စ်ဖို့ဒ်နှင့် ကိန်းဘရစ်(ချ်)တက္ကသိုလ်ကြီးများကဲ့သို့ ဆရာနှင့်ကျောင်းသားများ ကျောင်းအိပ်ကျောင်းစား အတူနေ၍ ပညာထူးချွန်အောင် ပညာသင်ကြားပေးသည့် တက္ကသိုလ်ဖြစ်ရမည်။

၂။ တက္ကသိုလ်စာမေးပွဲကို အပြင်မှဖြေဆိုခြင်း၊ အရစ်ကျဖြေဆိုခြင်း မရှိစေရ။

၃။ တက္ကသိုလ်များ ဗဟိုကောင်စီတွင် ကျောင်းသားကိုယ်စားလှယ်များ မပါဝင်ရ။

၄။ ရန်ကုန်တက္ကသိုလ်ဝင်ခွင့်ကို တက္ကသိုလ်အာဏာပိုင်များက ကိုင်ထား၍ ဘွဲ့သင်တန်းမတက်မီ အကြိုတစ်နှစ် (Preliminary Year) ထားရှိမည်။

၅။ ရန်ကုန်မြို့တော်ပြင်ပ၌ အခြားတက္ကသိုလ်များ ဖွင့်ခွင့်မရှိစေရ။

ထို့ကြောင့် သပိတ်မှောက်ကျောင်းသားများက အချက် ၁၆ ချက်ပါသော တောင်းဆိုချက်ကို တက္ကသိုလ်အာဏာပိုင်များထံ တင်သွင်းခဲ့သည်။ အာဏာပိုင်များက လက်မခံခဲ့ပါ။ သပိတ်တိုက်ပွဲမှာ ရှည်ကြာခဲ့သည်။ "ကျောင်းသားအရေး" မှ "နိုင်ငံရေးအသွင်သပိတ်"သို့ ပြောင်းလဲသွားခဲ့၏။ ထို့နောက် ၁၉၂၃ ခုနှစ်တွင် အာဏာပိုင်များက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကိုပြင်ဆင်ပေးခဲ့၍ ကျောင်းသားများ၏ တိုက်ပွဲမှာ အောင်မြင်ခဲ့သည်ဟု ဆိုနိုင်သည်။

❖ အမျိုးသားရေးစိတ်ဓာတ်ဆိုသည်မှာ မိမိနိုင်ငံနှင့် လူမျိုးအကျိုးစီးပွားအတွက် သယ်ပိုးဆောင်ရွက်လိုသည့်စိတ်ဓာတ်ဖြစ်၏။ နိုင်ငံနှင့် လူမျိုးအကျိုးကို ဖိနှိပ်လာလျှင် ခေါင်းငုံ့မခံဘဲ တွန်းလှန်တော်လှန်ရဲသော စိတ်ဓာတ်ဖြစ်သည်။ မြန်မာတိုင်းရင်းသား ပြည်သူလူထုအပေါင်းသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတစ်လျှောက်လုံးတွင် အနိုင်မခံအရှုံးမပေးသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အချင်းချင်း ရိုင်းပင်းကူညီမှု၊ ကိုယ်ကျိုးစွန့်မှုတို့ကို အရင်းတည်ကာ နိုင်ငံလွတ်လပ်ရေးအတွက် တိုင်းရင်းသားများအားလုံး ညီညွတ်မှုဖြင့် ရယူနိုင်ခဲ့သည်။ ❖

ထိုသို့ရန်ကုန်တက္ကသိုလ်ကို စတင်ဖွဲ့စည်းစဉ်က ဝိဇ္ဇာပညာနှင့် သိပ္ပံပညာများကိုသာ သင်ပေးနိုင်ခဲ့သော ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့ ပေါင်း၍ ဖွဲ့စည်းဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက် နံနက် ၁၁ နာရီ၌ ကောလိပ်ကျောင်းသားကြီး ၁၁ ဦးသည် ရွှေတိဂုံစေတီအနောက်တောင်ထောင့် (စနေထောင့်) ဇောခိပင်ရှေ့တွင် လျှို့ဝှက်ဆွေးနွေးခဲ့ကြသည်။ သပိတ်မှောက်ကြရန် ဆုံးဖြတ်ကြ၏။ အမြဲတမ်းသပိတ်ကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့ကြ၏။ အဖွဲ့ဝင်များမှာ-

၁။ ကိုဘဦး (ဘီအေ၊ အထက်တန်း)
၂။ ကိုဘရှင် (ဘီအေ၊ အထက်တန်း)
၃။ ကေညီပိတ် (ဘီအက်စ်စီ၊ အထက်တန်း)
၄။ ကိုဖိုးကွန်း (ဘီအက်စ်စီ၊ အထက်တန်း)
၅။ ကိုအေး (ဘီအေ၊ အထက်တန်း)
၆။ ကိုလှတင် (ဘီအေ၊ အထက်တန်း)
၇။ ကိုဖေသိန်း (အိုင်အေ၊ အထက်တန်း)
၈။ ကိုထွန်းဝင်း (အိုင်အေ၊ အထက်တန်း)
၉။ ကိုဘရှင် (အိုင်အေ၊ အထက်တန်း)
၁၀။ ကိုဘခင် (အိုင်အေ၊ အထက်တန်း)
၁၁။ ကိုအောင်ဒင် (အိုင်အေ၊ အထက်တန်း)

တို့ဖြစ်ကြသည်။

ရန်ကုန်တက္ကသိုလ်နှင့် ယုဒသန်ကောလိပ်မှ ကျောင်းသားဦးရေ ၄၀၀ ကျော်သည် ဒီဇင်ဘာ ၄ ရက် ညနေ ၅ နာရီတွင် ဗဟန်းဦးအရိယကျောင်းတိုက်၌ စုရုံးကြသည်။ သပိတ်မှောက်ပြီးမှ လိုအပ်ချက်တောင်းရန် အများစုကသဘောတူကြသည်။

နောက်တစ်နေ့ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)တွင် ကျောင်းသား၊ ကျောင်းသူများ ထပ်မံစည်းဝေးကြ၏။ တက္ကသိုလ်အက်ဥပဒေကို လုံးဝကန့်ကွက်ကြောင်း ဆန္ဒပြသည့်အနေဖြင့် သပိတ်မှောက်ကြောင်း ဆုံးဖြတ်ကြေညာလိုက်သည်။

ကျောင်းသားများ၏ သပိတ်မှောက်ခြင်းကို ကောလိပ်အာဏာပိုင်တို့က ဒီဇင်ဘာ ၂၃ ရက်အတွင်း ကျောင်းပြန်မတက်ပါက ကျောင်းမှထုတ်ပယ်မည်ဟု ကြေညာသည်။ သပိတ်မှောက်ကျောင်းသားကြီးများက ကျောင်းသားစာရင်းမှ အပြီးတိုင်ထုတ်ပယ်ပါမည့်အကြောင်း အာဏာပိုင်တို့ထံ စာပြန်ကာ တုံ့ပြန်ကြသည်။ ဒီဇင်ဘာ ၂၉ ရက်တွင် ဂျီစီဘီအေအသင်းချုပ်ကြီးက သပိတ်မှောက်ကျောင်းသားများကို အစိုးရကျောင်းများနှင့် အစိုးရအထောက်အပံ့ခံကျောင်းများသို့ ပြန်မတက်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် မြို့မအထက်တန်းကျောင်း အမြဲတေများကို နယ်မြို့များရှိ ဝံသာနုကြီးများ၏ စေတနာသဒ္ဓါတရားအကြောင်းပြု၍ ချက်ချင်းပေါ်ထွက်လာခဲ့ကြသည်။ အမျိုးသားကောလိပ်ကို စေတနာ့ဝန်ထမ်း ပါမောက္ခကြီးများက တာဝန်ယူကြသည်။ သခင်ကိုယ်တော်မှိုင်းက မြန်မာစာနှင့် သမိုင်း တာဝန်ယူသင်ကြားပေးသည်။ ဆရာတော် ဦးဉာဏက ပါဠိဘာသာ တာဝန်ယူ၏။ မစ္စတာရောင်း (မဟာဝိဇ္ဇာ၊ ဝါရှင်တန်)က စီးပွားရေးနှင့် နိုင်ငံရေး၊ မစ္စတာချင်ဒမ်ဘာရာ (ဘာမင်ဂမ်)က စက်မှုလက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး၊ မစ္စတာဘနာဂျီ (မဟာဝိဇ္ဇာ၊ လန်ဒန်)က ဘောဂဗေဒ၊ ဒီးဒုတ်ဦးဘချိုက ကထိက စသည်ဖြင့် တာဝန်ယူသင်ကြားပေးခဲ့ကြ၏။ ဗဟန်းကောလိပ်ဟုဆိုကြသော အမျိုးသားကောလိပ်ကို တည်ထောင်ဖွင့်လှစ်ကြ၏။ အမျိုးသားရေး အစဉ်အလာများကို တန်ဖိုးထားတတ်အောင်၊ ကျွမ်းကျင်တတ်မြောက်အောင် ဖော်ထုတ်သင်ကြားပေးကြသည်။ ၎င်းပညာရေးကို သခင်ပညာရေးဟု ခေါ်ဝေါ်သုံးနှုန်းကြသည်။

ဝံသာနုလှုပ်ရှားမှုကို ဦးဆောင်ခဲ့သော ဂျီစီဘီအေကကြိုးမှု၍ အမျိုးသားနေ့သတ်မှတ်ရန် ကြိုးစားခဲ့ကြသည်။ ၁၉၂၁ ခုနှစ် မန္တလေးမြို့၌ကျင်းပသော နဝမအကြိမ်မြောက် ဂျီစီဘီအေကွန်ဖရင့် စတင်ဆွေးနွေးခဲ့ကြသည်။ အင်္ဂလိပ်သူရိယသတင်းစာမှ ဦးတုတ်ကြီးတင်ပြသည့် သီပေါမင်းနန်းကျသည့် ပါတော်မူနေ့၊ ပျဉ်းမနားဇလာမှ ဦးဒွေးတင်ပြသည့် ဦးဥတ္တမထောင်ကျသောနေ့၊ ပထမကျောင်းသားသပိတ်တွင်ပါဝင်သည့် ကိုမြင့်တင်ပြသော ကျောင်းသားများ အင်္ဂလိပ်အစိုးရ၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်လက်နက်စတင်စွဲကိုင်တော်လှန်သည့်နေ့ တစ်နေ့နေ့ကို သတ်မှတ်ကြရန် သဘောတူကြသည်။

၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ကျင်းပသော ဂျီစီဘီအေအထူးကွန်ဖရင့်က ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများ သပိတ်မှောက်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့ဟု သတ်မှတ်ကြောင်း ဆုံးဖြတ်၍ အတည်ပြုခဲ့ကြသည်။

ထိုနေ့သည် အုပ်ချုပ်သူ နယ်ချဲ့အင်္ဂလိပ်အစိုးရကို ထိရောက်စွာတော်လှန်သောနေ့၊ တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သပိတ်မှောက်သောနေ့၊ အမျိုးသားတော်လှန်ရေး စတင်သည့်နေ့ဖြစ်ခြင်းတို့ကြောင့် အမျိုးသားနေ့အဖြစ် အားလုံးသဘောတူ ဆုံးဖြတ်အတည်ပြုခဲ့ကြသည်။ နယ်ချဲ့တို့အပေါ် အောင်ပွဲခံသည့်နေ့ဖြစ်၍ အမျိုးသားအောင်ပွဲနေ့ဟုလည်းခေါ်ကြသည်။ မြန်မာရက်ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

ထိုသို့ ၁၉၂၂ ခုနှစ်မှစတင်၍ အမျိုးသားအောင်ပွဲနေ့ကို တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ရောက်တိုင်း အခမ်းအနားများ ကျင်းပခဲ့ကြသည်။

အမျိုးသားနေ့ကို ၁၉၃၄ ခုနှစ်မှစ၍ ကျောင်းပိတ်ရက်အဖြစ် ပြဋ္ဌာန်းခဲ့သည်။ ၁၉၃၈ ခုနှစ်မှစ၍ ရုံးပိတ်ရက်အဖြစ် ပြဋ္ဌာန်းပေးခဲ့သည်။ ထိုသို့ အမျိုးသားနေ့များ ကျင်းပရာတွင် မျိုးချစ်စိတ်ထက်သန်ရေးနှင့် နယ်ချဲ့အင်္ဂလိပ်အစိုးရ ဆန့်ကျင်ရေးလုပ်ငန်းများအတွက် စည်းရုံးလှုံ့ဆော် အဓိဋ္ဌာန်ပြုခြင်းဖြင့် နယ်ချဲ့အစိုးရ ဆန့်ကျင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်လာသည်။ ထိုစိတ်ဓာတ်ကပင် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကို လွတ်လပ်ရေးရသည်ထိ ဦးဆောင်သွားခဲ့သည်။

ထို့ကြောင့် မြန်မာတစ်မျိုးသားလုံးကို မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသော အမျိုးသားအောင်ပွဲနေ့ကို မမေ့သင့်ပါကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁၄)**
- **ကိုယ်ပိုင်မှတ်စုများ**

# အာရပ်စော်ဘွားများပြည်ထောင်စုတွင် လေထုညစ်ညမ်းမှု စိုးရိမ်ဖွယ်အခြေအနေဖြစ်နေ



**အဘူဒါဘီ ဒီဇင်ဘာ ၅**

ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ (COP 28)ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် ရုပ်ကြွင်းလောင်စာနှင့် ပတ်သက်သောလုပ်ငန်းများကြောင့် လေထုညစ်ညမ်းမှုမှာ စိုးရိမ်ဖွယ်အခြေအနေဖြစ်နေကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ကာကွယ်ရေးအဖွဲ့က သတိပေးကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၄ ရက်သတင်းများအရ သိရသည်။

လူ့အခွင့်အရေး စောင့်ကြည့်ကာကွယ်ရေးအဖွဲ့၏ အဆိုပါထုတ်ပြန်ချက်တွင် အာရပ်စော်ဘွားများပြည်ထောင်စု၌ လေထုညစ်ညမ်းမှုဖြစ်ပွားနေရခြင်းမှာ ရုပ်ကြွင်းလောင်စာ ထုတ်လုပ်၊ အသုံးပြုခြင်းများအပေါ် ရင်းနှီးမြှုပ်နှံမှုများကြောင့်ဖြစ်ကြောင်း၊ ဆိုးရွားသောလေထုညစ်ညမ်းမှုကြောင့် နိုင်ငံသားများအပေါ် ကျန်းမာရေးဆိုင်ရာအန္တရာယ်များကို ဖြစ်ပွားစေလျက်ရှိကြောင်း ထည့်သွင်းဖော်ပြထားသည်။

၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ လေ့လာမှုများအရ နိုင်ငံအတွင်း လူပေါင်း ၁၀ သန်းခန့်သည် လေထုညစ်ညမ်းမှုအန္တရာယ် ရင်ဆိုင်နေရကြောင်းကို အစိုးရ၏ လေထုညစ်ညမ်းမှုအချက်အလက်နှင့် ဂြိုဟ်တုဓာတ်ပုံမှတ်တမ်းများဖြင့် ဖော်ပြခဲ့သည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုအစိုးရသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ (COP 28)ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော်လည်း နိုင်ငံ၏ ကြီးမားသောရုပ်ကြွင်းလောင်စာထုတ်လုပ်မှုနှင့် အဆိပ်သင့်စေသော ညစ်ညမ်းမှုများကို လေထုထဲသို့ စွန့်ထုတ်နေဆဲဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

**Ref : Xinhua News**
**Trs : AZH**

# အိန္ဒိယနိုင်ငံတွင် မိကျောင်းဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး လူလေးဦးသေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၅**

မိကျောင်းဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်းသည် အိန္ဒိယနိုင်ငံ တောင်ဘက်ပိုင်း တမီလ်နာဒူပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး လူလေးဦး သေဆုံးခဲ့ကြောင်း တမီလ်နာဒူပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိကျောင်းဆိုင်ကလုန်းမုန်တိုင်းကြောင့် တမီလ်နာဒူပြည်နယ် ချင်နိုင်းမြို့တွင် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရပြီး သေဆုံးသူလေးဦးမှာလည်း ချင်နိုင်းမြို့မှဖြစ်ကြောင်း၊ ချင်နိုင်းမြို့တွင် ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးများထက်တွင် ရေလွှမ်းနေပြီး နေအိမ်များနှင့် ရပ်နားထားသည့် မော်တော်ယာဉ်များမှာလည်း ရေမြုပ်နေသည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေသကဲ့သို့ ချင်နိုင်းလေဆိပ် အဝင်လမ်းများတွင်လည်း ရေလွှမ်းနေသဖြင့် ခရီးသည်များ သွားလာ၍မရတော့သည့်အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍကို ယာယီရပ်ဆိုင်းထားရကြောင်း သိရသည်။



မိကျောင်းဆိုင်ကလုန်းမုန်တိုင်းကြောင့် လေတိုက်နှုန်းလည်းမြင့်မားနေပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၉၀ မှ ကီလိုမီတာ ၁၀၀ ထိ မြင့်တက်လျက်ရှိကြောင်း၊ မိကျောင်းဆိုင်ကလုန်းမုန်တိုင်းသည် တမီလ်နာဒူပြည်နယ်မှတစ်ဆင့် အင်ဒရာပရာဒေ့ရှ်ပြည်နယ်သို့ ဦးတည်နေပြီး လာမည့် ၄၈ နာရီအတွင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားနယ်မြေတွင် အပူချိန် အနုတ် ၅၆ ဒီဂရီစင်တီဂရိတ်ထိ လျော့ကျနေပြီး ဆီးနှင်းအမြောက်အမြား ကျဆင်းလျက်ရှိ

**မော်စကို ဒီဇင်ဘာ ၅**

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားနယ်မြေ ဆာကာရီပါပလစ်ဒေသတွင် အပူချိန်ပမာဏမှာ အနုတ် ၅၆ ဒီဂရီစင်တီဂရိတ်ထိ လျော့ကျနေပြီး ဆီးနှင်းအမြောက်အမြား ကျဆင်းလျက်ရှိကြောင်း ရုရှားဇလဗေဒစင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကမ္ဘာ့အအေးဓာတ်အမြင့်ဆုံးသောမြို့များစာရင်းတွင် ပါဝင်နေသည့် ဆိုက်ဘေးရီးယားနယ်မြေရှိ ယာကုစ်ခ်မြို့၌ အပူချိန်မှာ အနုတ် ၅၀ ဒီဂရီစင်တီဂရိတ်သို့ ရောက်ရှိနေသော်လည်း ဆာကာရီပါပလစ်ဒေသ၌ အပူချိန်မှာ အနုတ် ၅၆ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းသွားခဲ့သည့်အတွက် ကမ္ဘာ့အအေးဆုံးမြို့များ စာရင်းတွင် ပါဝင်နေသည့် ယာကုစ်ခ်မြို့ထက်ပင် အအေးဓာတ် ပိုမိုမြင့်မားခဲ့ကြောင်း သိရသည်။

"ဆိုက်ဘေးရီးယားနယ်မြေမှာ အအေးဓာတ်တွေ မြင့်မားနေပါတယ်။ အပူချိန်ဟာ အနုတ် ၅၆ ဒီဂရီစင်တီဂရိတ်ထိ လျော့ကျလာပြီး ကမ္ဘာ့အအေးဓာတ်အမြင့်မားဆုံးစာရင်းမှာပါဝင်နေတဲ့ ယာကုစ်ခ်မြို့ထက်တောင် အအေးဓာတ်မြင့်မားလာတယ်။ အအေးဓာတ်မြင့်မားမှုနဲ့အတူ ဆီးနှင်းတွေလဲကျဆင်းနေတယ်။ မော်စကိုမြို့မှာလဲ ဆီးနှင်းတွေ ထူထပ်စွာကျဆင်းနေပါတယ်။ ဒီဇင်ဘာ ၄ ရက် တစ်ရက်တည်းမှာ ဆီးနှင်းဟာ ၃၅ စင်တီမီတာထိ ကျဆင်းခဲ့ပါတယ်။ ခရစ္စမတ်နေ့မတိုင်မီ ဆီးနှင်းကျဆင်းမှု ပိုမြင့်တက်လာနိုင်ပါတယ်"ဟု ရုရှားဇလဗေဒစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် အအေးဓာတ်မြင့်မားသည့် ရုရှားနိုင်ငံအနေဖြင့် ဒီဇင်ဘာလအစပိုင်း၌ အအေးဓာတ်စံချိန်တင်မြင့်တက်လာခြင်းမှာ ပုံမှန်ထက်အအေးဓာတ်မြင့်မားနေခြင်းဖြစ်ပြီး လာမည့်ရက်ပိုင်းအတွင်း အအေးဓာတ် ပိုမိုမြင့်မားလာဖွယ်ရှိနေကြောင်း ရုရှားဇလဗေဒစင်တာက ထုတ်ပြန်ခဲ့သည်။

ဆီးနှင်းများ ကျဆင်းမှုကြောင့် မော်စကို အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လေကြောင်းခရီးစဉ်တချို့ သတ်မှတ်ချိန်အတိုင်းပျံသန်းနိုင်ခြင်းမရှိဘဲ နှောင့်နှေးမှုများရှိခဲ့ကြောင်းလည်း မော်စကိုလေဆိပ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အင်ဒိုနီးရှားတွင် မာရာပီမီးတောင်ပေါက်ကွဲမှုကြောင့် လူ ၁၁ ဦးသေဆုံးပြီး ၁၂ ဦး ပျောက်ဆုံးနေ

**ဂျကာတာ ဒီဇင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမတြားစီရင်စုရှိ မာရာပီမီးတောင်သည် ဒီဇင်ဘာ ၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအေဂျင်စီက မီးတောင်အန္တရာယ်သတိပေးချက် ထုတ်ပြန်ခဲ့သော်လည်း တောင်တက်သမားတချို့က ညွှန်ကြားချက်ကိုလိုက်နာခဲ့ခြင်းမရှိဘဲ တောင်တက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် မီးတောင်ပေါက်ကွဲမှုကြောင့် တောင်တက်သမား ၁၁ ဦးသေဆုံးခဲ့ပြီး ၁၂ ဦး ပျောက်ဆုံးနေကြောင်း အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကယ်ဆယ်ရေးဝန်ထမ်းများက ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသော်လည်း မီးတောင်အတွင်းမှ ချော်ရည်များထွက် ပေါ်မှုနှုန်း မြင့်မားလာသည့်အတွက် ကယ်ဆယ်ရေး ဝန်ထမ်းများ၏ လုံခြုံရေးကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ခေတ္တရပ်နားထားရကြောင်း ထုတ်ပြန်ခဲ့သည်။

"မီးတောင်ပေါက်ကွဲမှုကြောင့် တောင်တက်သမား ၁၁ ယောက် သေဆုံးခဲ့ပါတယ်။ ပျောက်ဆုံးနေသူကလဲ ၁၂ ယောက် ရှိနေပါတယ်။ တောင်တက်သမား ၄၉ ယောက်ကိုတော့ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနိုင်ခဲ့ပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဒီဇင်ဘာ ၄ ရက် ညနေပိုင်းထိ ဆောင်ရွက်ခဲ့တယ်။ ဒါပေမဲ့ မီးတောင်အတွင်းက ချော်ရည်ပေါက်ထွက်မှုနှုန်းမြင့်တက်လာတဲ့အတွက် ကယ်ဆယ်ရေးဝန်ထမ်းတွေအသက်အန္တရာယ်ရှိနိုင်လို့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို ခေတ္တရပ်နားထားပါတယ်။ အခြေအနေတည်ငြိမ်သွားမှပဲ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ပြန်လည်စတင်သွားမှာဖြစ်ပါတယ်"ဟု အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဂျော်ဒီက ပြောကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သော တောင်တက်သမားများ၏ ရုပ်အလောင်းများကို ဆွဲထုတ်ရန်အတွက် အချိန်ခြောက်နာရီထိ ကြာမြင့်ခဲ့ကြောင်း အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဗြိတိန်နိုင်ငံက မိုးသစ်တောများကာကွယ်ရန်နှင့် သန့်ရှင်းသောစွမ်းအင်နည်းပညာများတွင် ရင်းနှီးမြှုပ်နှံရန် ပေါင် ၈၅ သန်း အသုံးပြုသွားမည်

**လန်ဒန် ဒီဇင်ဘာ ၅**

ဗြိတိန်နိုင်ငံက ကမ္ဘာ့မိုးသစ်တောများကို ကာကွယ်ရန်၊ သန့်ရှင်းသောစွမ်းအင်နည်းပညာများတွင် ရင်းနှီးမြှုပ်နှံရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးစီမံကိန်းများကို ကူညီရန်အတွက် ပေါင် ၈၅ သန်း အသုံးပြုသွားမည်ဖြစ်ကြောင်း ဒူဘိုင်းမြို့၌ ကျင်းပလျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ(COP 28)တွင် ကြေညာခဲ့သည်ဟု ဒီဇင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

သစ်တောပြုန်းတီးမှုတိုက်ဖျက်ခြင်းမှ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချခြင်းလုပ်ငန်းများထိ သန့်ရှင်းသောစွမ်းအင်အသုံးပြုရေးနှင့် ပတ်သက်သောလုပ်ငန်းများ စတင်ရန် ဗြိတိန်နိုင်ငံအနေဖြင့် ရန်ပုံငွေ ပေါင် ၈၅ သန်းကို ဘရာဇီး၊ အမေရိကန်၊ ဥရောပတစ်ဝန်းမှ နိုင်ငံတကာမိတ်ဖက်များနှင့်သဘောတူညီချက်များ လက်မှတ်ရေးထိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗြိတိန်စွမ်းအင်ဝန်ကြီး Claire Coutinho က COP 28 ညီလာခံတွင် ပြောကြားခဲ့သည်။

"အမေဇုန်မိုးသစ်တောပြုန်းတီးမှုကို ရပ်တန့်ဖို့ ပေါင် ၃၅ သန်းထိ အကူအညီပေးဖို့ ကတိပြုထားပါတယ်။ ဘရာဇီးနိုင်ငံနဲ့ပူးပေါင်းပြီး ဟိုက်ဒရိုဂျင်လို အစားထိုးလောင်စာတွေတီထွင်ဖို့၊ စိမ်းလန်းတဲ့နည်းပညာတွေနဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလျှော့ချဖို့၊ ကမ္ဘာလုံးဆိုင်ရာလုပ်ဆောင်ချက်တွေကို တွန်းအားပေးဖို့ ပူးပေါင်းလုပ်ဆောင်သွားမှာပါ"ဟု ဗြိတိန်စွမ်းအင်ဝန်ကြီး Claire Coutinho က ပြောကြားခဲ့သည်။

အဆိုပါရန်ပုံငွေတွင် ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောများကို ကာကွယ်ရန် ပေါင် ၃၅ သန်းလည်း ပါဝင်မည်ဖြစ်ပြီး ယခုနှစ်အစောပိုင်းကလည်း ဝန်ကြီးချုပ် ရီရှီဆူနက်က အမေဇုန်မိုးသစ်တောများအတွက် ရန်ပုံငွေ ပေါင်သန်း ၈၀ ပံ့ပိုးရန်ကြေညာခဲ့ရာ ဗြိတိန်နိုင်ငံအနေဖြင့် ဘရာဇီးမိုးသစ်တောဆိုင်ရာရန်ပုံငွေပံ့ပိုးမှု ထိပ်တန်းသုံးနိုင်ငံတွင် ပါဝင်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စည်းကမ်းဟူသည် တူညီသည့် သွင်ပြင်လက္ခဏာ၊ နေထိုင်လှုပ်ရှားမှုများရရှိရန် ကန့်သတ်ထားမှုများဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် ပြုလုပ်သော ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Nikolai PATRUSHEV အား စွမ်းဆောင်မှုဆိုင်ရာဘွဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံလုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Nikolai PATRUSHEV အား စွမ်းဆောင်မှုဆိုင်ရာဘွဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။**



**နေပြည်တော် ဒီဇင်ဘာ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံတည်ဆောက်နိုင်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံလုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai PATRUSHEV အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် သရေစည်သူဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း၊ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူရာပြည့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး သီရိပျံချီဦးကိုကိုလှိုင်နှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

Quality For You ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ Quality For You
ပစ္စည်းထည့်ပုံးအမျိုးမျိုး
ပစ္စည်းထည့်ပုံးအမျိုးမျိုး
ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉